မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၈)၊ အမှတ်(၃၅၁)

နိုင်ငံတော်က အားထားရသည့် မြဝတီကုန်သွယ်ရေးဇုန်

မြန်မာနိုင်ငံ၏ ကုန်းတွင်းပိုင်း ကုန်သွယ်ရေးစခန်းများအနက် ကုန်သွယ်မှုပမာဏ ဒုတိယအများဆုံး မြဝတီ ကုန်သွယ်ရေးဇုန်။
ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော် (စမ်းချောင်း)

ရန်ကုန် စက်တင်ဘာ ၂၀

၁၉၈၈ခုနှစ်မတိုင်မီက ပြည်ပကုန်သွယ်ရေးလုပ်ငန်းများကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်း ထွက်ပေါက်တစ်ခုတည်းမှသာ အဓိက ဆောင်ရွက်ခဲ့သည်။ တပ်မတော်အစိုးရလက်ထက်တွင် နယ်နိမိတ်ချင်းဆက်စပ်နေသော အိမ်နီးချင်းနိုင်ငံများနှင့် ကုန်းတွင်းပိုင်းလမ်းကြောင်းများမှတစ်ဆင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လာခဲ့သည်။

တိုးတက်အောင်မြင်

ယခုအခါ ကုန်းတွင်းပိုင်းလမ်းကြောင်းများအတိုင်း ပုံမှန်ကုန်သွယ်ရေး ဆောင်ရွက်နေမှုအခြေအနေမှာ တိုးတက်အောင်မြင်လျက်ရှိနေပေပြီ။ *စာမျက်နှာ ၈ ကော်လံ ၁* ●

သတင်းခရီးသည်
ဝင်းရွှေ

ဓာတ်ပုံမှတ်တမ်း
သတင်းထောက် ထွန်းဇော်
(စမ်းချောင်း)

စာမျက်နှာဖွဲ့စည်းမှု
တိုးလွင် (မြန်မာ့အလင်း)

အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ၏
ဆုံးမသြဝါဒ

စောင့်ကြည့်ပါ

မကောင်းမှုကား အကျိုးမပေးသေးသမျှ လူမိုက်သည် မကောင်းမှုကို ပျားရည်ကဲ့သို့ ချိုသည်ဟု ထင်မှတ်၏။

အချိန်တန်၍ မကောင်းမှု အကျိုးပေးလာသော အခါ၌ကား လူမိုက်သည် လွတ်လမ်းမရှိ၊ ဆင်းရဲဒုက္ခအတိ ရောက်ရလေသည်။

(ဓမ္မပဒ၊ ဗာလဝဂ်-၂၃။)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း အက်တာနက်ကျန်းမာရေး

အာလူးကို ပုံမှန်စားသုံးပေးပါလျှင် နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်နိုင်ဟုဆို

အာလူးကို ပုံမှန် စားသုံးပေးပါက နှလုံးသွေးကြောကျဉ်းရောဂါနှင့် ကင်ဆာရောဂါအချို့ ဖြစ်ပွားနိုင်မှုမှ ကြိုတင်ကာကွယ်ပေးနိုင်ကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုချက် အသစ်တစ်ရပ်၌ ဖော်ပြထားသည်။

ပါဝင်

အာလူးတွင် ဗီတာမင်စီ၊ ဗီတာမင် ဘီ-၆၊ ကော့ပါး၊ ပိုတက်ဆီယမ်၊ မဂ္ဂနီးစ်နှင့် အမျှင်ဓာတ်များ ပါဝင်သည်။ ထို့အပြင် ပါတာတင်ကဲ့သို့သော ဓာတ်များပါရှိသဖြင့် နှလုံးသွေးကြောများ သန်စွမ်းမှုကို အထောက်အကူပြုနိုင်စွမ်းရှိသည်ဟုဆို၏။

ပံ့ပိုးပေးနိုင်

အာလူးတွင် ပါဝင်သော ဓာတ်ပေါင်းက သွေးလည်ပတ်စီးဆင်းမှုကို ကောင်းမွန်စေရန်နှင့် သွေးပေါင်မြင့်တက်မှုကို လျော့ကျစေရန် ပံ့ပိုးပေးနိုင်ကြောင်း၊ တစ်ဖန် ဖောလစ်အက်စစ်ကဲ့သို့သောဓာတ်များပါရှိသဖြင့် သွေးအားကောင်းမွန်စေကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။

အကြံပြု

အာလူးကို ပုံမှန်စားသုံးသူများသည် နှလုံးသွေးကြောကျဉ်းရောဂါအပြင် နှလုံးနှင့်ပတ်သက်သောရောဂါများ ဖြစ်ပွားမှုမှ ကာကွယ်ပေးနိုင်သဖြင့် သတ်မှတ်ချက်အတိုင်း စားသုံးသင့်ကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။ ။

ယနေ့ခေတ် မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏လမ်းများ(၂)

ရန်ကုန် စက်တင်ဘာ ၂၀

နယ်မြေတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍသည် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်မှသာ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ပြီး လူမှုစီးပွားဘဝများလည်း မြင့်မားလာနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အခြေခံအဆောက်အအုံဖြစ်သော လမ်း၊ တံတားများတည်ဆောက်ခြင်းကို စီမံချက်များရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သဖြင့် နိုင်ငံတော်အတွင်း အရှေ့၊ အနောက်၊ တောင်၊ မြောက်အားလုံး ဆက်သွယ်မိသွားပြီး လမ်း၊တံတားများက ပန်းများပွင့်သလို အလှဝေစည် တစ်ပြေးညီရှိနေပေပြီ။ *စာမျက်နှာ ၉ ကော်လံ ၁* ■

သတင်းဆောင်းပါး
ခရမ်းစိုးမြင့်

ဓာတ်ပုံ
ဆောက်လုပ်ရေးဝန်ကြီးဌာန

စာမျက်နှာဖွဲ့စည်းမှု
လှဲ့လှဲ့ဝင်း(မြန်မာ့အလင်း)

ပဲခူးတိုင်း ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းတစ်နေရာကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-ဆောက်လုပ်ရေးဝန်ကြီးဌာန)

21-9 (01).pmd 1 9/20/2009, 2:31 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် စက်တင်ဘာ ၂၁ ရက်)

မူးယစ်ဆေးဝါးကင်းစင်လုံခြုံသော ပတ်ဝန်းကျင်ဖြစ်ရန် ကြိုးပမ်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းတိုက်ဖျက်

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာကို ခေတ်အဆက်ဆက်အစိုးရများက မိမိနိုင်ငံ၏ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များဖြင့် ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

တပ်မတော်အစိုးရလက်ထက်၌ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် (၁၅)နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ရာ တတိယငါးနှစ်စီမံကိန်း၏ပထမနှစ်သို့ ရောက်ရှိနေပြီဖြစ်သည်။

မူးယစ်ဆေးဝါးကို စွဲလမ်းစွာသုံးစွဲမိပါက ဘေးဒုက္ခအဖုံဖုံနှင့် ရောဂါအန္တရာယ်ဆိုးကြီးဖြစ်သည့် HIV/AIDS စသည့်ရောဂါများ ဖြစ်ပွားပြီး လူငယ်လူရွယ်များ ဘဝပန်းတိုင်မရောက်မီ ပျက်စီးဆုံးရှုံးကြရသည်။

မည်သည့်ပတ်ဝန်းကျင် လူနေမှုဘဝမျိုး၌မဆို မိသားစုအသီးသီးတွင် မူးယစ်ဆေးဝါး ထိုးဖောက်ဝင်ရောက်လာပါက လုံခြုံစိတ်ချရသော အခြေအနေကို ပျက်ပြားစေပြီး ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်တွေ့ကြုံကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးကင်းစင်လုံခြုံသော ပတ်ဝန်းကျင်ဖြစ်ထွန်းနေစေရန် ရည်ရွယ်၍ မူးယစ်ဗဟိုအဖွဲ့၏ လုပ်ငန်းအဖွဲ့အသီးသီးမှလည်း စီမံချက်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။ အထူးသဖြင့် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်ရေးအတွက် ပညာပေးဆွေးနွေးခြင်း၊ စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ စသည့်ပြိုင်ပွဲများနှင့် ကျောင်းသားလူငယ်များအား ပါဝင်ယှဉ်ပြိုင်စေခြင်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်ပညာပေးရေးကို အထောက်အကူပြုနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မူးယစ်ဆေးစွဲသူများအား ကျန်းမာရေးဦးစီးဌာနတွင် ဆေးကုသမှုခံယူစေပြီး စခန်းခုနစ်ခုတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြင့် မူးယစ်ဆေးစွဲသူများအား စိတ်ပိုင်းဆိုင်ရာ ကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ မူးယစ်ဆေးဝါးအန္တရာယ်ကြောင့် ဘေးဒုက္ခအဖုံဖုံနှင့် ရောဂါအန္တရာယ်ဆိုးကြီးမှ လွတ်ကင်းရန်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် လက်တွဲပါဝင်ကာ ဝိုင်းဝန်းတိုက်ဖျက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၉-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + ရတနသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဒိဋ္ဌသုံးမျိုး** တရားတော် (ဘဒ္ဒန္တခေမာစာရ အောင်ခေမာဆရာတော်)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၁၂)
- ၈:၃၀ Sports World (Football Asia)
- ၈:၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၂၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (နှစ်ဆယ့်တစ်ရာစုနှလုံးသား ဗျူဟာရိုက်ကွင်းအမှတ်တရ)
- ၉:၄၅ Global Panorama ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ
- ၁၀:၃၅ SPLENDOUR FLORAL ဒဏ္ဍာရီထဲက ချစ်ပုံပြင် (ဟဲလေးနှင့်ပန်းဒီဇိုင်နာ ကိုထွန်းထွန်းလင်းတို့ တွေ့ဆုံခြင်း)
- ၁၀:၅၅ International Show Biz
- ၁၁:၁၅ အလှမှာအယဉ်ဆင့် အမြင်ဆန်းသည့်အထည်
- ၁၁:၃၅ စားချင်စဖွယ် နည်းအသွယ်သွယ် (ဝက်သားမြှောင်း တရုတ်ပဲငါးပိနှင့် ပင်လယ်စာမုန့်ညင်းလိပ်)
- ၁၂:၀၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ဖုန်းအိတ်အလှဆင်နည်း)
- ၁၂:၂၀ စာအုပ်ပြခန်း (စာရေးဆရာကျော်ရင်မြင့်နှင့် တွေ့ဆုံခြင်း
- ၁၂:၃၅ ရန်ကုန်မြင်ကွင်းကျယ် (မလေးရှားနိုင်ငံမှ ဆရာများ ဖိတ်ခေါ်၍ နည်းပညာသစ်များပြသခြင်း) (KONOMI Beauty Spa)
- ၁:၀၀ **ဒိဋ္ဌသုံးမျိုး** တရားတော် (ဘဒ္ဒန္တခေမာစာရ အောင်ခေမာဆရာတော်)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ ကန္ဒရဝတီ၏ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာဆီသို့…
- ၃:၀၅ နေရာတိုင်းတွင် အသုံးဝင် ရှားစောင်းလက်ပပ်အပင်
- ၃:၂၅ ငွေချည်(၆)ချည်မျှင်ရှည်ဝါ တိုးကာစိုက်ပျိုးပါ
- ၃:၅၅ ကျန်းမာပျော်ရွှင်လှစေချင်
- ၄:၁၅ တေးဂီတအစီအစဉ်
- ၄:၃၀ သွေးပြန်ကြောအားနည်းရောဂါ အကြောင်းသိကောင်းစရာ (အပိုင်း-၁) ပါမောက္ခဒေါက်တာခင်မောင်အေး
- ၄:၅၀ SPLENDOUR FLORAL ဒဏ္ဍာရီထဲက ချစ်ပုံပြင် (ဟဲလေးနှင့် ပန်းဒီဇိုင်နာ ကိုထွန်းထွန်းလင်းတို့ တွေ့ဆုံခြင်း)
- ၅:၀၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (နှစ်ဆယ့်တစ်ရာစုနှလုံးသား ဗျူဟာရိုက်ကွင်းအမှတ်တရ)
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ International Show Biz
- ၆:၄၀ အနုပညာမိုးကောင်းကင်
- ၇:၀၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ဖုန်းအိတ်အလှဆင်နည်း)
- ၇:၁၅ ရန်ကုန်မြင်ကွင်းကျယ် (မလေးရှားနိုင်ငံမှ ဆရာများဖိတ်ခေါ်၍ နည်းပညာသစ်များပြသခြင်း) (KONOMI Beauty Spa)
- ၇:၂၅ Movie Mistakes (Indiana Jones)
- ၇:၄၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ဝက်သားမြှောင်း တရုတ်ပဲငါးပိနှင့် ပင်လယ်စာမုန့်ညင်းလိပ်)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ကျန်းမာပျော်ရွှင်လှစေချင်
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၁၂)
- ၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁:၄၅ Living On Water
- ၁၂:၂၅ **ရင်သွေးအတွက် သတိတစ်ချက်** ညောင်ညောင်၊ မေသဥ္ဇာဦး၊ ဆုရွှန်းလဲ့၊ ဒေါ်နှင်းဆီ၊ ခေတ်ရှုပါဦး ဒါရိုက်တာ-ဆွေဇင်ထိုက်
- ၁၂:၄၀ ဖြူးချောင်းတံတား
- ၁၂:၄၅ စာအုပ်ပြခန်း (စာရေးဆရာကျော်ရင်မြင့်နှင့် တွေ့ဆုံခြင်း)
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီ ရုပ်မြင်သံကြား

၂၁-၉-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ မြန်မာစာမြန်မာစကား
- ၄:၃၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၀ ၇။ စိုက်ပျိုးသုတ
- ၅:၃၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၂။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၃။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၉၁)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ Talk of the Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စစ်မှုရေးရာအနုပညာ** (အပိုင်း-၃၄)

ပုသိမ်-မုံရွာကားလမ်းနှင့် တာများကြံ့ခိုင်မှု တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၀

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေသည် စက်တင်ဘာ ၁၀ရက် နံနက်ပိုင်းက ရေကြည်မြို့နယ် ရေကြည်ဦးရိပ်သာသို့ရောက်ရှိပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကိုမှာကြား၍ လုပ်ငန်းဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးမှု

တိုင်းမှူးသည် စက်တင်ဘာ ၁၁ရက် နံနက်ပိုင်းက မြန်အောင်မြို့နယ် ရှားတောကျေးရွာ မြေပဲစိုက်ခင်း၌ ဝါသီးညှပ် စိုက်ပျိုးထားရှိမှုနှင့် ကြားပေါင်းလိုက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကန်ဇွန်းခုန်ကျေးရွာအုပ်စုသို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ကနောင်မြို့သို့ရောက်ရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးသည် ငါးပိဆိပ်ကျေးရွာ မြန်မာ့ဂုန်လျှော်လုပ်ငန်း ဂုန်လျှော်အဝယ်ဒိုင်၌ ဂုန်လျှော်စိုက် တောင်သူများနှင့် တွေ့ဆုံရာ တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် အင်္ဂပူမြို့နယ် ညောင်ကျိုးကျေးရွာ စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် ဧရာဝတီမြစ်နှင့် ငဝန်မြစ်ကမ်းကျေးရွာများ၏ အခြေအနေ၊ ရေလမ်းကြောင်းအခြေအနေနှင့် တာများ၏ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၁၉ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အထက်တန်းကျောင်းခွဲ အမှတ်(၃) အခြေခံပညာအလယ် တန်းကျောင်း၌ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာ တက္ကသိုလ်ဝင် စာမေးပွဲ ငါးဘာသာဂုဏ်ထူးရှင် မချယ်ရီလွင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်လေးက ဆုချီးမြှင့်စဉ်။

(ပညာရေး)

စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်များ ဖြစ်ပေါ်ရေး ဟသ္သာတ၌ ညှိနှိုင်းဆွေးနွေး

ဟသ္သာတ စက်တင်ဘာ ၂၀

ဟသ္သာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဟသ္သာတမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရေရှည်ခိုင်မာ ရှင်သန်ဖွံ့ဖြိုးရေး၊ သတ်မှတ်စံ(၅)ချက်နှင့် ညီညွတ်သည့် စာကြည့်တိုက်များဖြစ်ပေါ်ရေး ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၁ရက် ညနေ ၅နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဟသ္သာခန်းမ၌ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးမြင့်သိန်းက သတ်မှတ်စံ(၅)ချက်နှင့်ညီညွတ်သည့် စာကြည့်တိုက်များဖြစ်ပေါ်ရေး၊ စာငှားစနစ်ကျင့်သုံးရေး၊ စာအုပ်စာစောင်များတိုးပွားရေးနှင့် စာဖတ်သူတိုးပွားရေး၊ စာဖတ်ဝိုင်းနှင့် ဆွေးနွေးပွဲများကျင်းပ၍ စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

(ခရိုင် ပြန်/ဆက်)

ဗိုလ်တထောင်မြို့နယ် (၁၀)ရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ်၂၀၆နေ ဇနီးဒေါ်နီနီယဉ်(တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ သားမောင်တေဇာဝင်း မိသားစုက ဦးဝဏ္ဏ (၂)နှစ်ပြည့်အားရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများ ကျောက်ဖြူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် စက်တင်ဘာ ၁၉ရက်တွင် ကျောက်ဖြူလေဆိပ်သို့ရောက်ရှိကြရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူတို့က ကျောက်ဖြူလေဆိပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှု

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းမှူးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က လိုအပ်သည်များကို မှာကြားကြပြီး လေယာဉ်ရပ်နားရာနေရာများ၊ လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုများ၊ ခရီးသည် တင်/ချ ဆောင်ရွက်နေမှုများနှင့် လေယာဉ်ပြေးလမ်း အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ကုလားဘာတောင်ရွာနှင့် ကညင်တောရွာတို့ရှိ အခြေခံပညာမူလတန်းကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် အစားအစာများကို ပေးအပ်ကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံကြပြီး **(အပေါ်ပုံ)** တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၆ရက်က မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ဦး၊ မြို့နယ်ဥက္ကဋ္ဌ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ အမှတ်(၁)ရပ်ကွက် ဓမ္မာရုံတွင် ရပ်ကွက်အတွင်းရှိ ပြည်သူ ၁၅၀တို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (မြန်မာ့အလင်း)

သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံးများ(ရှူးဒိုင်း)ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့ တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၈ခုနှစ်၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု (၃၄)မှုတွင် ရောင်းချသူ ၃၅ဦးအား အနည်းဆုံး ထောင်ဒဏ် (၂)နှစ်မှ အများဆုံး ထောင်ဒဏ်(၃)နှစ်အထိ ပြစ်ဒဏ်ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၉ခုနှစ်တွင် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင် ကာလများတွင် ဗြောက်အိုး၊မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာ ဆုချီးမြှင့်မည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

၂၀၀၉ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ

မွန်ပြည်နယ်အသင်း ဗိုလ်စွဲ

ရန်ကုန် စက်တင်ဘာ ၂၀

၂၀၀၉ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ကျင်းပရာ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အချိန်ပိုင်းပြီးသည်အထိ တစ်ဂိုးစီဖြင့် သရေပွဲ ဖြစ်နေသည်။

အနိုင်ရရှိ

အချိန်ပို ဒုတိယပိုင်း ဆက်လက်ကစားရာ မွန်ပြည်နယ်အသင်းက သုံးဂိုး ထပ်မံသွင်းယူကာ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့တွင်းလမ်းများကောင်းမွန်ရေး မိတ္ထီလာတွင် ဆောင်ရွက်

မိတ္ထီလာ စက်တင်ဘာ ၂၀

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မြေသားလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ လမ်းဟောင်းများကို ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း၊ လမ်းဟောင်းများပြုပြင်ခြင်းကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာ ၂၈လမ်း အရှည်မိုင် ၅မိုင် ၅ဒသမ ၅၃ဖာလုံ၊ ပြုပြင်ထိန်းသိမ်းခြင်း ၉လမ်း ၇၁၁၆၀စတုရန်းမိုင်အား လျာထားချက်နှင့်အညီ အကောင်အထည်ဖော်လျက်ရှိရာ စက်တင်ဘာ ၁၂ရက်က ညြဇာခြံ ရပ်ကွက် မြောက်ကန်ပတ်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း ၃၂၅၂ပေ×၁၂ပေလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဒေါ်အေးသူဇာလှက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရာစုဥဒါန်း စာကြည့်တိုက်

သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ ရာစုဥဒါန်း ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲကို စက်တင်ဘာ ၄ရက်ကကျင်းပရာ စာကြည့်တိုက်အား မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦး၊ စာကြည့်တိုက်အလှူရှင် ရှိုင်းဟုတ်ကုမ္ပဏီမှ ဆရာမကြီး ဒေါက်တာဒေါ်ခင်ခင်ရီတို့က ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေးဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ သာမန်တုပ်ကွေးရောဂါနှင့် ယခုကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဘယ်လိုခွဲခြားသိနိုင်ပါသလဲ။

ဖြေ။ ။ သာမန်အားဖြင့် ရောဂါလက္ခဏာချင်း ဆင်တူပါသည်။ ရာသီတုပ်ကွေးရောဂါသည် ရာသီအလိုက် မကြာခဏ ဖြစ်ပေါ်နေသဖြင့် လူများတွင် ကိုယ်ခံစွမ်းအား အတိုင်းအတာတစ်ခုအထိရှိနေပြီး၊ ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှု ရှိသူများတွင် ဖြစ်ပွားပါက ပြင်းထန်ပြီး အသက်ဆုံးရှုံးမှု ဖြစ်နိုင်ပါသည်။

သို့သော် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ပိုးအသစ်ဖြစ်သောကြောင့် မည်သူ့တွင်မှ ကိုယ်ခံစွမ်းအားမရှိပါ။ ထို့ကြောင့် ရောဂါလက္ခဏာ ပိုမိုပြင်းထန်ပြီး အသက်အရွယ်မရွေး လူအားလုံးတွင်ဖြစ်နိုင်ကာ ရာသီတုပ်ကွေးကဲ့သို့ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် အသက်ဆုံးရှုံးမှုများပြားနိုင်ပါသည်။ ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့်သာ ရောဂါခွဲခြားသိရှိနိုင်ပါသည်။

မေး။ ။ တုပ်ကွေးရောဂါဖြစ်သူတိုင်း ဤရောဂါပိုးအား စစ်ဆေးရန် လိုအပ်ပါသလား။

ဖြေ။ ။ တုပ်ကွေးရောဂါဖြစ်လျှင် နီးစပ်ရာဆေးခန်း၊ ဆေးရုံများနှင့် ကျန်းမာရေးဌာနသို့ ပြသရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုအပ်ပါက ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဖိလစ်ပိုင်နိုင်ငံ ဘတ်ယူအိုမြို့တွင် စားဖိုမှူးသင်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများစုပေါင်း၍ အရှည်ခြောက်ကီလိုမီတာရှိသည့် ဝက်အူချောင်းတွဲကြီး ပြုလုပ်ခဲ့သည်ကို စက်တင်ဘာ၁၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တောင်ကိုရီးယားတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမြင့်တက်လာ

ဆိုးလ် စက်တင်ဘာ ၂၀

တောင်ကိုရီးယားနိုင်ငံအတွင်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုပမာဏသည် ၂၀၀၈ခုနှစ်၌ ပြန်လည်ကောင်းမွန်လာခြင်းကြောင့် ကမ္ဘာ့နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံ ၂၁၄နိုင်ငံတွင် အဆင့် ၆၆မှ အဆင့် ၄၄သို့ ရောက်ရှိလာကြောင်း တောင်ကိုရီးယား စီးပွားရေးပညာရပ်ဆိုင်ရာ ဝန်ကြီးဌာနက စက်တင်ဘာ ၁၈ရက်တွင် ထုတ်ပြန်ကြေညာသည်။

တစ်ဟုန်ထိုးမြင့်တက်

တောင်ကိုရီးယား၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၀၈ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇ဒသမ ၆၀ဘီလီယံ ရှိခဲ့ပြီး ယခင်နှစ်က အမေရိကန်ဒေါ်လာ ၂ဒသမ ၆၃ဘီလီယံရရှိခဲ့ရာမှ တစ်ဟုန်ထိုးမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံ

အာရှ၊ အာဖရိက၊ လက်တင်အမေရိက၊ အရှေ့ဥရောပနှင့် လွတ်လပ်စွာ ကုန်သွယ်ခွင့်ရ ဒေသများတွင် ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ နိုင်ငံရပ်ခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ၂၉ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း စီးပွားရေး ပညာရပ်ဆိုင်ရာ ဝန်ကြီးဌာနက ဂျီနီဗာ၌ ကျင်းပသည့် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အစည်းအဝေး (ယူအင်န်စီတီအေဒီ) သို့ တင်ပြသော အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။

(အင်တာနက်)

ဒုံးခွင်းဒုံး အစီအစဉ်ပယ်ဖျက်မှု ရုရှားကြိုဆို

မော်စကို စက်တင်ဘာ ၂၀

အရှေ့ဥရောပ၌ ဒုံးခွင်းဒုံးအစီအစဉ်များတည်ဆောက်ရန် ကိစ္စကိုပယ်ဖျက်သည့် အမေရိကန်၏ ဆုံးဖြတ်ချက်သည် အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

ဆုံးဖြတ်ချက်

ဒုံးခွင်းဒုံး ဖြန့်ချရေးကို ပြင်မည့် အမေရိကန်၏ဆုံးဖြတ်ချက်သည် မှန်ကန်ပြီး သတ္တိရှိသည့် ဆုံးဖြတ်ချက်ဖြစ်သည်ဟု ဆိုချီမြို့၌ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုဖိုရမ် အစည်းအဝေးတွင် ပူတင်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အင်္ဂါဂြိုဟ်အရံလ စူးစမ်းလေ့လာရေး အာကာသယာဉ်လွှတ်တင်မှု ရုရှားရွှေ့ဆိုင်း



မော်စကို စက်တင်ဘာ ၂၀

ရုရှားနိုင်ငံ၏ အင်္ဂါဂြိုဟ်အရံလသို့ စူးစမ်းလေ့လာရေး အာကာသယာဉ် လွှတ်တင်မည့်အစီအစဉ်ကို နှစ်နှစ်ကြာရွှေ့ဆိုင်းလိုက်ကြောင်း၊ ယင်းအစီအစဉ်ကြောင့် တရုတ်နိုင်ငံ၏ ပထမဆုံးအင်္ဂါဂြိုဟ် လေ့လာရေးယာဉ် ပူးပေါင်းလွှတ်တင်မှုကိုပါ နှောင့်နှေးကြန့်ကြာသွားစေခဲ့ကြောင်း အင်တာနက်သတင်းတွင် ပါရှိသည်။ (အပေါ်ပုံ)

ဆုံးဖြတ်

ဖိုဘော့စ် အင်္ဂါဂြိုဟ်အရံလ စူးစမ်းလေ့လာရေးယာဉ်အတွက် သိပ္ပံနှင့် အာကာသဆိုင်ရာလုပ်ငန်းအဖွဲ့၏ ဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ရက်က ကျင်းပခဲ့ပြီး ဖိုဘော့စ် အာကာသယာဉ်လွှတ်တင်မှုကို ၂၀၁၁ခုနှစ်သို့တိုင် ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြသည်။

ဖိုဘော့စ်အာကာသယာဉ်မှာ မူလက နောက်နှစ်လအကြာတွင် လွှတ်တင်ရန်စီစဉ်ထားခဲ့သည်။ ယခုကဲ့သို့ ရွှေ့ဆိုင်းမှုကို ရုရှားအာကာသအေဂျင်စီက ယခုသီတင်းပတ်ကုန်၌ တရားဝင် သတင်းထုတ်ပြန်မည် ဖြစ်သည်။

လွှတ်တင်ရန်ရွှေ့ဆိုင်းမှုတွင် အင်္ဂါဂြိုဟ်အရံလသို့ လမ်းခရီးပိုမိုတိုတောင်းစွာ သွားရောက်ရန် ကြိုးပမ်းမှုမှာ တစ်ခုအပါအဝင်ဖြစ်သည်။ (အင်တာနက်)

စစ်ရေးလေ့ကျင့်

ဆိုမာလီ ပင်လယ်ဓားပြများ သောင်းကျန်းလျက်ရှိသော ဧဒင်ပင်လယ်ကွေ့၌ ရုရှား-တရုတ် ပူးပေါင်း စစ်ရေးလေ့ကျင့်မှုတွင် ပါဝင် လေ့ကျင့်လျက်ရှိသည့် တရုတ် ရဟတ်ယာဉ်နှင့် ရုရှား စစ်သင်္ဘောတစ်စင်းကို စက်တင်ဘာ ၁၈ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်တောင်ဘက်ရှိ မာမိုဒီယာမြို့ဈေး၌ ဗုံးပေါက်ကွဲ ခုနစ်ဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်းရှိ လူစည်ကားရာဈေးတစ်ဈေး၌ စက်တင်ဘာ ၁၈ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး ၂၁ဦး ဒဏ်ရာပြင်းထန်စွာ ရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲ

ယင်းဗုံး ပေါက်ကွဲမှုသည် မာမိုဒီယာမြို့ရှိ ဈေး၌ စားသောက်ရန် ပြင်ဆင်နေစဉ်အတွင်း ပေါက်ကွဲခဲ့ခြင်းကြောင့် အနီးဝန်းကျင်ရှိ ဈေးဆိုင်များနှင့် အရပ်သားများစီးနင်းလာသည့်ကားများ ပျက်စီးခဲ့ကြောင်း ရဲအဖွဲ့က ထပ်လောင်းပြောကြားသည်။

ဆက်လက်ဖြစ်ပေါ်

အီရတ်နိုင်ငံအား လုံခြုံရေးတာဝန်လွှဲပြောင်းကာ အမေရိကန်တပ်ဖွဲ့များက ၎င်းနိုင်ငံမြို့ကြီးအချို့မှ ပြန်လည်ရုပ်သိမ်းခဲ့ပြီးနောက် အကြမ်းဖက် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ **(အင်တာနက်)**

အာဖဂန်မြောက်ပိုင်း၌ ပစ်ခတ်မှု အရပ်သား ငါးဦးသေဆုံး

ကဘူးလ် စက်တင်ဘာ ၂၀

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဂျော့ဇ်ဂျန်ပြည်နယ်၌ စက်တင်ဘာ ၁၉ရက်က အမည်မသိသေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် အရပ်သား ငါးဦးသေဆုံးပြီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပစ်ခတ်

ဂျော့ဇ်ဂျန်ပြည်နယ် ဟတ်ချာဒေသ၌ ဝတ်ပြုဆုတောင်းနေကြစဉ် သေနတ်သမားက ဝင်ရောက် ပစ်ခတ်သွားခဲ့ခြင်းဖြစ်သည်။

ယင်းပစ်ခတ်မှုနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးလျက်ရှိပြီး သံသယရှိသူ ခြောက်ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်းသိရသည်။

(အင်တာနက်)

ဟီရတ်ပြည်နယ်၌ ပေါက်ကွဲမှုဖြစ်ပွား ကလေးငယ်နှစ်ဦး သေဆုံး

ကဘူးလ် စက်တင်ဘာ ၂၀

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်ပြည်နယ်တွင် စက်တင်ဘာ ၁၉ရက်က အသေခံဗုံးခွဲမှုတစ်ရပ်ဖြစ်ပွားရာ ကလေးငယ်နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

အသေခံဗုံးခွဲသမားမှာ အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် နိုင်ငံစုံတပ်များအား ပစ်မှတ်ထား တိုက်ခိုက်ရန် ဈေးအနီးရှိ လမ်းအတွင်းသို့ဝင်ရောက်ပြီး ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ဟန်တူကြောင်း၊ သို့သော် အသေခံဗုံးဖောက်ခွဲချိန်၌မူ အနီးအနားမှ ဖြတ်သန်းသွားသည့် ကလေးငယ်နှစ်ဦးမှာ သေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦးနှင့် အခြားကလေးငယ်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

ထုတ်ဖော်ပြောကြား

ယင်းဗုံးခွဲတိုက်ခိုက်မှုအား မည်သည့်အဖွဲ့က ပြုလုပ်ခဲ့သည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်းသိရသည်။ (အင်တာနက်)

အမေရိကန် ဝါရှင်တန်မြို့တော်နှင့် ပြည်နယ် ၁၄ခု အလုပ်လက်မဲ့နှုန်း ၁၀ရာခိုင်နှုန်းအထက်၌ရှိ

ဝါရှင်တန် စက်တင်ဘာ ၂၀

အမေရိကန်ပြည်ထောင်စု၏ ဝါရှင်တန် ဒီစီမြို့တော်နှင့် ပြည်နယ် ၁၄ခုတို့တွင် ဩဂုတ်လအတွင်း အလုပ်လက်မဲ့နှုန်းမှာ ၁၀ရာခိုင်နှုန်းနှင့် အထက်တွင်ရှိကြောင်း အလုပ်သမားဌာနက စက်တင်ဘာ ၁၈ရက်၌ ကြေညာသည်။

အလုပ်လက်မဲ့

မစ်ချီဂန်ပြည်နယ်တွင် အလုပ်လက်မဲ့နှုန်း ၁၅ ဒသမ ၂ရာခိုင်နှုန်းအထိရှိပြီး ပြည်နယ် ၅၀အနက် အလုပ်လက်မဲ့နှုန်း အမြင့်ဆုံးဖြစ်သည်။ ဇွန်လအတွင်းက မစ်ချီဂန်ပြည်နယ်၏ အလုပ်လက်မဲ့နှုန်း ၁၅ရာခိုင်နှုန်းရှိခဲ့ရာ ၁၉၄၈ခုနှစ်နောက်ပိုင်း နိုင်ငံတစ်ဝန်း အမြင့်ဆုံးဖြစ်သည်။ ဩဂုတ်လတွင် နီဗာဒါးပြည်နယ်၌ အလုပ်လက်မဲ့နှုန်း ၁၃ ဒသမ ၂ရာခိုင်နှုန်းဖြင့် ဒုတိယ၊ ဂျုတ်အိုင်လင်ပြည်နယ်၌ ၁၂ဒသမ၈ ရာခိုင်နှုန်းဖြင့် တတိယ၊ ကယ်လီဖိုးနီးယား နှင့် အော်ရီဂွန်ပြည်နယ်တို့၌ ၁၂ဒသမ၂ ရာခိုင်နှုန်းဖြင့် စတုတ္ထအသီးသီးရှိနေသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တူရကီနိုင်ငံ ဘတ်လီးစ်ပြည်နယ်၌ ထရပ်ကားနှင့် ဘတ်စ်ကားတစ်စီး တိုက်မိခဲ့ပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၁၈ ရက်က တွေ့ရစဉ်။

(ယင်းယာဉ်တိုက်မှု၌ အီရန်ခရီးသည် ငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

21-9 (04).pmd 1 9/20/2009, 2:31 PM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ စစ်ဆင်ရေးဆင်နွှဲ သူပုန်တပ်မှူးသေဆုံး

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ဆဝပ်ဒေသတွင် စက်တင်ဘာ ၂၀ရက်က အစိုးရတပ်ဖွဲ့ဝင်များနှင့် စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲရာ၌ လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ၏တပ်မှူး မိုဟာမက်ကာဆတ်သေဆုံးခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်အရာရှိများကပြောကြားသည်။

ပြည်တွင်းလုပ်တိုက်လေယာဉ်များ အီရန်ဖြန့်ကြက်ချထားမည်

အီရန်နိုင်ငံသည် ပြည်တွင်းလုပ်တိုက်လေယာဉ်များကို အခြေစိုက်စစ်စခန်းများ၌ မကြာမီဖြန့်ချတော့မည်ဖြစ်ကြောင်း အီရန်စစ်ဘက်အရာရှိများက စက်တင်ဘာ ၂၀ရက်၌ထုတ်ဖော်ပြောကြားသည်။ ***(အောက်ပုံ)***

စပိန်နှင့်မော်ရိုကို နှစ်နိုင်ငံအကြားတွင် ခရီးသည်တင် သင်္ဘောငယ်နစ်မြုပ်

စပိန်နှင့် မော်ရိုကို နှစ်နိုင်ငံကြားရေပြင်တွင် ခရီးသည်တင် သင်္ဘောငယ်တစ်စင်း စက်တင်ဘာ ၂၀ရက်က နစ်မြုပ်ခဲ့ရာ ရှစ်ဦးသေဆုံးပြီး ခရီးသည်အများအပြား ပျောက်ဆုံးလျက်ရှိကြောင်း စပိန်ကမ်းခြေစောင့်တပ်ဖွဲ့မှ ပြောကြားသည်။

ယီမင်ကမ်းလွန်၌ သင်္ဘောသားများအား တောင်ကိုရီးယားစစ်သင်္ဘောကယ်ဆယ်

ယီမင်နိုင်ငံ ကမ်းလွန်တွင် စက်တင်ဘာ ၂၀ရက်က ကုန်တင်သင်္ဘော တစ်စင်းကို အပိုင်စီးရန် ကြိုးစားနေသော ဓားပြများအား တောင်ကိုရီးယားစစ်သင်္ဘော တစ်စင်းက တိုက်ခိုက်ခဲ့ပြီး ကုန်တင်သင်္ဘောမှ သင်္ဘောသားငါးဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်မှ သတင်းထုတ်ပြန်သည်။

အမေရိကန် ချီကာဂိုမြို့၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ ချီကာဂိုမြို့ အနောက်တောင်ပိုင်းတွင် စက်တင်ဘာ၂၀ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ သေနတ်သမားကို ရဲတပ်ဖွဲ့က စုံစမ်းရှာဖွေလျက်ရှိကြောင်း ချီကာဂိုမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

တရုတ်နိုင်ငံ မြစ်ကျဉ်းသုံးသွယ်ရေတံခါး ယာယီပိတ်ထားမည်

တရုတ်နိုင်ငံ မြစ်ကျဉ်းသုံးသွယ် ရေတံခါးအတွင်း အန္တရာယ်ရှိသော ကုန်ပစ္စည်းများ တင်ဆောင်လာသည့် သင်္ဘောများအား စက်တင်ဘာ ၂၈ရက်မှ စတင်ကာ ၁၀ရက်ကြာ ဖြတ်သန်းမောင်းနှင်မှုကို ပိတ်ပင်ထားမည်ဖြစ်ကြောင်း၊ ယင်းမှာမကြာမီကျရောက်မည့် တရုတ်နိုင်ငံအမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားများ ကျင်းပသည့်ကာလ၌ လုံခြုံရေးအတွက်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

(အပေါ်ပုံ) (အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၉-၂၀၀၉ ရက်
(တနင်္လာနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ခရီးဆက်နေဦးမည့် မြန်မာ့မီးရထား
၈:၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅ ၈။ လူကူးမျဉ်းကျားမှကူးမယ် "B"
၈:၂၅ ၉။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင် (ဒုတိယတန်း)အဆင့်] (အမျိုးသမီး)**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ အတီးပြိုင်ပွဲ
၈:၅၀ ၁၂။ တေးဂီတအစီအစဉ်
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ **Myanmar National League MNL (2009) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ဒယ်လ်တာယူနိုက်တက်အသင်း နှင့် ဇေယျာရွှေမြေအသင်း)**
၄:၅၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၅၅ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၀၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅:၁၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၅ ၆။ **အလင်းတံခါးဖွင့်လှစ်ခဲ့ပြီ အညာဒေသဆီ** (အပိုင်း-၁)
၅:၂၅ ၇။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင်(ဒုတိယတန်း) အဆင့်] (အမျိုးသမီး)**
၅:၄၀ ၈။ စုပါတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **တစ်ရေးနိုးဖူးစာ** (အပိုင်း-၁၇)
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (အပိုင်း-၃၀)
၁၇။ **အစီအစဉ်ပြီး၏။**

မြောက်ဥက္ကလာပ မီးသတ်စခန်းသစ်နှင့် မူလတန်းကြိုကျောင်း ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်ရှိ ငါးယူနစ် နှစ်ထပ်သံကူကွန်ကရစ် မီးသတ်စခန်းသစ်နှင့် ခြောက်ခန်းတွဲ ဝန်ထမ်းနေအိမ်လိုင်းခန်းသစ်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရွှေပေါက်ကံရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းသို့သွားရောက်၍ ကျောင်းပြုပြင် တည်ဆောက်နေမှုနှင့် ကလေးကစားကွင်း ပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေအားနည်းနေမည်

ရန်ကုန် စက်တင်ဘာ ၂၀

ယနေ့နံနက် ၉နာရီခွဲအထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ပဲခူးတိုင်းနှင့်ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြား၊ချင်းပြည်နယ်၊ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်၊ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင်နေရာကျဲကျဲနှင့် ကျန်ဒေသများတွင်နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

စက်တင်ဘာ ၂၁ရက်ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ချင်းပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားနည်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၌ သန့်ရှင်းရေးဆောင်ရွက်

ကျောက်မဲ စက်တင်ဘာ ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့တွင် စက်တင်ဘာ ၁၆ရက် နံနက် ၆နာရီက ပြည်ထောင်စု လမ်းမကြီးဘေး ဝဲယာရှိ ချုံနွယ်ပေါင်းမြက် ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဆောင်ရွက်

ထိုသို့ ဆောင်ရွက်ရာတွင် ကျွဲကုန်း၊ ခိုမုန်း၊ စခန်းသာကျေးရွာများမှ ပြည်သူများ၊ ခရိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)



ကွန်ပျူတာပညာရပ်ဆိုင်ရာ ဟောပြောပွဲ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်တွင် ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

ICT ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာလူငယ်များအတွင်း Computer Networking ပညာရပ်များ တိုးတက်ပြန့်ပွားစေရန် ရည်ရွယ်၍ Net Info နည်းပညာသင်တန်းက ကြီးမှူးပြီး Computer Networking Opportunity with Cisco CCNA ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ ကွန်ဖရင့်ဟော၌ ကျင်းပသည်။

ရှေးဦးစွာ Net Info နည်းပညာသင်တန်းကျောင်းမှ Marketing Manager ဦးဇေယျာဦးက ဟောပြောပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)** ထို့နောက် Lecturer ဦးအောင်မျိုးက လူငယ်များအတွင်း ပိုမိုကြိုက်နှစ်သက်လာကြသော နိုင်ငံတကာအသိအမှတ်ပြု CCNA Network Certificate ကို လွယ်ကူစွာရရှိစေရန် အကောင်းဆုံးနည်းလမ်းများကို ညွှန်ပြပေးခြင်း၊ သင်ရိုးညွှန်းတမ်းကို တိကျသေချာစွာ လေ့လာနိုင်ရန် ကူညီပေးခြင်းနှင့် အသုံးပြုရမည့် Software Simulator များဖြင့် သရုပ်ပြ ရှင်းလင်းဟောပြောကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး အမ်းမြို့၌ တောင်သူများအား တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းက အမ်းမြို့ မြို့နယ်ရုံးခန်းမ၌ မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဥက္ကဋ္ဌများ၊ စိုက်ပျိုးရေးတောင်သူများနှင့်တွေ့ဆုံရာ ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် တပ်နယ်ခန်းမ၌ကျင်းပသော တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များ၏ စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ ရေးဖြေ ဖြေဆိုနေမှုနှင့် နံရံကပ်စာစောင်များကို ကြည့်ရှုအားပေးသည်။

အမှာစကားပြောကြား

ပြည်နယ် လမ်း၊ တံတားများ ကောင်းမွန်တိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၁ရက် နံနက်ပိုင်းက တိုင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းမှူး တက်ရောက်၍ အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ်၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က ငါးဘာသာဂုဏ်ထူးရ ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ဒီမော့ဆို၌ ပညာပေးဟောပြော

ဒီမော့ဆို စက်တင်ဘာ ၂၀

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များလိုက်ပါလျက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပညာပေးဟောပြောပွဲနှင့် ဆွေးနွေးပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၈နာရီက ထီးဖိုးကလိုးကျေးရွာ အလကကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ပြန်လည်ဆွေးနွေးတင်ပြသည်။

ဟောပြော

ဆက်လက်၍ ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပရာ ပြည်နယ်ကျန်းမာရေးဌာနမှူးနှင့်ဆရာမများက ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောခြင်း၊ အခမဲ့ဆေးကုသပေးခြင်းများကို အဖွဲ့ဝင်(၂)ဦးဆောင်သော ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုကြသည်။

လှူဒါန်း

ထို့နောက် တာဝန်ရှိသူများက ထီးဖိုးကလိုးစာသင်ကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ ကျေးလက်စာကြည့်တိုက်အတွက် စာနယ်ဇင်းများကိုလည်းကောင်းပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။(ခရိုင်ပြန်/ဆက်)

တက္ကသိုလ်ဝင်တန်း ထူးချွန်အောင်မြင်သူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲ ပန်းတောင်း၌ကျင်းပ

ပန်းတောင်း စက်တင်ဘာ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ်၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ရက် နံနက် ၁၁နာရီက ပန်းတောင်းမြို့နယ် အစည်းအဝေးခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ရှင်းလင်း

ထို့နောက် တိုင်းပညာရေးမှူး ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ပန်းတောင်း မြို့နယ်ဥက္ကဋ္ဌ ဦးကျော်တင့်က ပညာရည်ချွန်ဆု ချီးမြှင့်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ထူးရသည်အထိ အောင်မြင်အောင် သင်ကြားပေးကြသော ဆရာ ဆရာမများနှင့် တိုင်းအဆင့် အောင်ချက်ပထမဆုရ အထက (ထုံးဘို) အပါအဝင် အောင်ချက်ရာနှုန်း တိုးတက်သော ကျောင်းများကို တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

လှူဒါန်း

ထို့နောက် အလှူငွေများဆက်လက်လှူဒါန်းကြရာ ပညာရည်ချွန်ဆုအတွက် ပင်မအလှူရှင် ရန်ကုန်မြို့ ပြည်လမ်းနေ ဦးဖေယျာသူရမွန်-ဒေါ်ခိုင်ခိုင်မြင့် Fresh Aircon ကုမ္ပဏီမှ အလှူငွေကျပ် ၁၀၀၆၀၀၀ အပါအဝင် အလှူရှင်များ၏လှူဒါန်းငွေများကို တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပင်လုံမြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပင်လုံ-ပန်ဟူး ကျေးလက်ကျောက်ချောလမ်းခင်းရန် ပစ္စည်းစုဆောင်းထားမှု အခြေအနေကို တာဝန်ခံ ဦးစီးအရာရှိ ဦးသောင်းထွန်းဇော် ကွင်းဆင်း စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးထွန်းမင်းသိန်းက ရှင်းလင်းတင်ပြစဉ်။(မြို့နယ် ပြန်/ဆက်)

မင်းဘူးခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်

မင်းဘူး စက်တင်ဘာ ၂၀

မင်းဘူးခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၂၉ရက် နံနက် ၈ နာရီက မင်းဘူးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြိုင်ပွဲဝင်များ၏ အဆင့်လိုက်ပြိုင်ပွဲများ ဆက်လက် ကျင်းပရာ ညပိုင်းတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အဆင့်၊မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် မင်းဘူး၊ စလင်း၊ ပွင့်ဖြူ၊ ငဖဲမြို့နယ်တို့မှ ပြိုင်ပွဲဝင်များနှင့် ဝါသနာရှင်များ တက်ရောက်သည်။ **(ခရိုင် ပြန်/ဆက်)**

ဘော်လခဲမြို့၌ ခုတင်(၅၀)ဆံ့ ဆေးရုံဆောက်ရန် ပန္နက်တင်

ဘော်လခဲ စက်တင်ဘာ ၂၀

ကယားပြည်နယ် ဘော်လခဲခရိုင် ဘော်လခဲမြို့နယ် ပြည်သူ့ဆေးရုံ ခုတင်(၅၀)ဆံ့ အဆောက်အအုံ ဆောက်လုပ်နိုင်ရေးအတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၃၀ရက် နံနက် ၁၁နာရီက ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအေးချို၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမောင်မောင်ခင်၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်မိုးလင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ရဲမှူးဆန်းတင်၊ ခရိုင်သွားဆရာဝန် ဒေါက်တာ ဦးစောမူလာထူးနှင့် တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် ပန္နက်တိုင်များစိုက်ထူပေးကြသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

စာငှားကတ်စနစ် ကျင့်သုံးရေးဆွေးနွေး

တန့်ဆည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဓာတ်ပုံကျွမ်းကျင်(၂)ဦးမျိုးမင်းနှင့် လုပ်သားရုပ်/သံ ဦးငြိမ်းမင်းထွန်းတို့သည် စက်တင်ဘာ ၂၅ရက် နံနက် ၁၀နာရီက ချောင်းရိုးကျေးရွာ စေတနာမွန်စာကြည့်တိုက်၌ စာဖတ်ပွဲ၊ စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်ဖြစ်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေး တို့ကို ဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ရိုးမလှိုင်းမဂ္ဂဇင်း စာမူများဖိတ်ခေါ်

ရိုးမလှိုင်း တောင်ကုတ်မဂ္ဂဇင်း အမှတ်(၅)ကို ရသစုံမဂ္ဂဇင်းအဖြစ် ဆက်လက်ထုတ်ဝေမည်ဖြစ်ရာ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသ၊ အက်ဆေး၊ တစ်မျက်နှာဝတ္ထုနှင့် အထွေထွေစာမူများကို နိုဝင်ဘာ ၁၅ရက် နောက်ဆုံးထား၍ တောင်ကုတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ ရိုးမလှိုင်းစာကြည့်တိုက် ဦးဥတ္တမလမ်း မော်တော်ဆိပ်အနီး တောင်ကုတ်မြို့နှင့် ဖုန်း-၀၉-၈၅-၃၀၄၇၂၊ ၀၄၃-၆၀၅၅၉နှင့် ၀၄၃-၆၀၀၇၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (မြို့နယ် ပြန်/ဆက်)

ရွာငံမြို့၌ စာအုပ်စာစောင်များလှူဒါန်း

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရွာငံမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ရှင်သန်အောင်မြင်ရေးအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၃၁ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အတွင်းရေးမှူး ဒေါ်သက်သက်မေတို့က တက်ရောက်လာသော ကျေးရွာဥက္ကဋ္ဌများထံ စာအုပ်စာစောင်တန်ဖိုးငွေ ကျပ်တစ်သိန်းဖိုးကိုပေးအပ်လှူဒါန်းကြသည်။(မြို့နယ် ပြန်/ဆက်)

မိုးကောင်း၌ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ရက် နံနက် ၉ နာရီက မိုးကောင်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မဏ္ဍပ်သဘင်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးမောင်မူက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကာ ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။ (၀၀၁)

မင်းတပ်၌ ဝန်ထမ်းကျင့်ဝတ် စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

မင်းတပ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ စက်တင်ဘာ၁၆ရက် နံနက် ၁၀နာရီက ရုံးဝန်ထမ်းများ ဝန်ထမ်းကျင့်ဝတ် ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကိုကျင်းပရာ ဒုတိယဦးစီးမှူးဒေါ်နှင်းကြည်က ဝန်ထမ်းကျင့်ဝတ်စာအုပ်မှ ဝန်ထမ်းများထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့်ကျင့်ဝတ်နှင့် လိုက်နာရမည့်စည်းကမ်းများကိုလည်းကောင်း၊ အငယ်တန်းစာရေး ဒေါ်နီလာဝင်းက ဝန်ထမ်း၏ ဝန်ထမ်းမှုဆိုင်ရာခံစားခွင့်များနှင့် ပင်စင်များကိုလည်းကောင်း ဆွေးနွေးကြသည်။ (ခရိုင် ပြန်/ဆက်)

ဘူးသီးတောင်၌ အခွန်ပညာပေးဆွေးနွေး

ဘူးသီးတောင်မြို့ အခွန်ဦးစီးမှူးရုံးခန်းမ၌ ဩဂုတ်၂၈ရက်က အခွန်ပညာပေး စားသောက်ဆိုင်လုပ်ငန်းရှင်များ ဆွေးနွေးပွဲကိုကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးဘဏ်မျိုးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးမှူး ဦးအုန်းကျော်က ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖားကန့်၌ အိမ်တွင်းမှုသင်တန်းဖွင့်

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာ အိမ်တွင်းမှုသင်တန်းကျောင်းတွင် အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၂)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၉)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၁၁)ဖွင့်ပွဲကို ဩဂုတ်၃၀ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်က အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ဖားကန့်မြို့နယ်နှင့် မိုးကောင်းမြို့နယ်တို့မှ သင်တန်းသူ ၄၀တက်ရောက်ကြပြီး သင်တန်းကာလ သုံးလဖြစ်သည်။ (၀၀၄)

ခုတင်(၅၀)ဆံ့ ဘိုးဘွားရိပ်သာ ကောလင်း၌ဆောက်လုပ်

ကောလင်းမြို့နယ်အတွင်းရှိ အသက်ကြီးရင့်၍ ခိုကိုးရာမဲ့ဘိုးဘွားများအား ပြုစုစောင့်ရှောက်ပေးရန်အတွက် ကောလင်းမြို့နယ် ရွာမကျေးရွာတွင် ငွေကျပ်သိန်း ၁၂၀၀ကုန်ကျမည့် ခုတင်(၅၀)ဆံ့ ဘိုးဘွားရိပ်သာအဆောက်အအုံကို ဆောက်လုပ်လျက်ရှိရာ မြို့ပေါ်ရှိ အလှူရှင်များနှင့် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းငွေကျပ် ၁၆၆သိန်း ရရှိပြီးဖြစ်ရာ ဘိုးဘွားရိပ်သာအတွက် ငွေကြေးနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဖုန်း-၀၇၅-၄၂၄၃၃၊ ၄၂၁၉၀၊ ၄၂၁၅၄၊ ၄၂၁၁၂၊ ၄၂၁၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၀၃၂)

အရန်မီးသတ်အင်အား လေ့ကျင့်ရေးသင်တန်းဖွင့်

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့ မီးသတ်ဦးစီးဌာန၏ အရန်မီးသတ်အင်အား လေ့ကျင့်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၀၉)ဖွင့်ပွဲကို စက်တင်ဘာ ၁၄ရက်က မီးသတ်ခန်းမ၌ကျင်းပရာ မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူးဒုတိယရဲမှူးခင်မောင် လတ်က အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယတပ်ရင်းမှူးမောင်နိုင်က သင်တန်း ခေါ်ယူခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ (၁၇၅)

မြစ်ကြီးနားရေစင်ကွင်းဈေးသန့်ရှင်းရေးဆောင်ရွက်

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစင်ကွင်း ဈေးသန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရန် စက်တင်ဘာ ၁ရက်က ဈေးဝန်ထမ်းများ စုပေါင်းကာ ရေစင်ကွင်း ဈေးပွဲရုံတန်းရှေ့ရေမြောင်းများ အမှိုက်နုန်းမြေ ဆယ်တင်စွန့်ပစ်ခြင်းနှင့် ဈေးအတွင်း၊ အပြင် သန့်ရှင်းရေး ဆောင်ရွက်ကြသည်။ (မြို့နယ်စည်ပင်)

ရွှေဘိုမြို့ မဟာနန္ဒာကန်မှ တိုးချဲ့ရေပိုက်လိုင်းများဆောင်ရွက်မှု တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် စက်တင်ဘာ ၁၄ ရက်က ရွှေဘိုခရိုင် ရွှေဘိုမြို့သို့ရောက်ရှိ၍ မဟာဗန္ဓုလလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ဘူတာရုံလမ်းထောင့်ရှိ ကျောက်ခင်းခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ရွှေဘိုမြို့ မဟာနန္ဒာကန်မှ တိုးချဲ့ရေပိုက်လိုင်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မဟာနန္ဒာကန်သို့ ရောက်ရှိရာ တာဝန်ရှိသူများက တည်ဆောက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မင်းဘူးမြို့သာယာလှပရေးအတွက် အဖွဲ့ပိုင်ပြည်သူ့ပန်းခြံတွင် ပြည်သူများ အပန်းဖြေနားနေချင်စဖွယ်ရည်ရွယ်၍ ကျောက်သားဥယျာဉ် ဆောင်ရွက်နေမှုကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကြည့်ရှုစစ်ဆေးရာ မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမျိုးသန့်ဇော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ထိရောက်မှု

ဆက်လက်၍ တိုင်းမှူးသည် ကလိုရင်းခတ်စက်ရုံကိုလည်းကောင်း၊ ရေစစ်ကန် အမိုးတည်ဆောက်ပြီးစီးမှုနှင့် ကန်အတွင်း ရေဝင်ရောက်မှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် ခင်ဦးမြို့နယ် လက်ပံလှကျေးရွာသို့ရောက်ရှိပြီး အုတ်ခံ သစ်သားတံတား တည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ငွေးကုန်းကျေးရွာရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲ ငွေးကုန်းမျိုးသန့်ခြံသို့ ရောက်ရှိ၍ စပါးစိုက်ကွက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးသည် ရေဦးမြို့နယ် မုတ်စီကျေးရွာ၌ကျင်းပသော စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ငါးမျိုးများကို စိုက်ထည့်ပေးသည်။ ထို့နောက် တိုင်းမှူးသည် ဒီပဲယင်းမြို့နယ် စိုင်ပြင်ကျေးရွာတွင် ငွေချည်(၆) ဝါစိုက်ခင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝါစိုက်တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးမျိုးများစိုက်ထည့်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ရေဦးမြို့နယ် မုတ်စီကျေးရွာ၌ကျင်းပသော စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ငါးမျိုးများ စိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် အောင်နိုင်ရေးအလံပေးအပ်ပွဲ မြိတ်မြို့၌ ကျင်းပ

မြိတ် စက်တင်ဘာ ၂၀

တနင်္သာရီတိုင်း (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်အောင်က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားကာ ပြိုင်ပွဲဝင်အနုပညာရှင်များက ၂၀၀၉ ခုနှစ် တနင်္သာရီတိုင်း (၁၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြကာ ပြိုင်ပွဲကိုစတင်ကျင်းပသည်။

ပေးအပ်

ယင်းနောက် ဆုချီးမြှင့်ပေးအပ်ပွဲနှင့် အောင်နိုင်ရေးအလံပေးအပ်ပွဲကို စက်တင်ဘာ ၁၂ရက် မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ တိုင်းအတွင်းရေးမှူးက အမှာစကားပြောကြားပြီး ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ဒိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တိုင်းအေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးရဲနိုင်အောင်က ဗဟိုအဆင့်သို့ သွားရောက်ယှဉ်ပြိုင်မည့် တနင်္သာရီတိုင်း အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအဖွဲ့အား အောင်နိုင်ရေးအလံ ပေးအပ်သည်။ **(ယာပုံ)** ဆက်လက်၍ ဆုရရှိသူများက ပြန်လည်ဖျော်ဖြေပြီး ၂၀၀၉ခုနှစ် တနင်္သာရီတိုင်း (၁၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအောင်မြင်သည့်အတွက် ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆေးနှင့် ဆေးပစ္စည်းကုန်သည်အသင်း ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၀

ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယား ဆေးဝါးထုတ်လုပ်သူများအသင်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးဇော်မိုးခိုင်ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာဇော်ထွန်းအေး၊ အသင်းဝင်များဖြစ်ကြသည့် ဒေါ်သောင်းသောင်းကြည်၊ ဦးခင်မောင်ဝင်း၊ ဦးစိုင်းရီစိုင်းနှင့် ဦးဇော်လင်းစိုးတို့သည် စက်တင်ဘာ ၁၅ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားကြရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာသင်းနွယ်ဝင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာမျိုးသန့်နှင့် အလုပ်အမှုဆောင် ဦးမောင်ကြီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ ကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားဆေးဝါး ထုတ်လုပ်သူများအသင်း (KPICA)နှင့်တွေ့ဆုံ၍ မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ဆေးဝါးလုပ်ငန်းရှင်များအကြား ဆေးဝါးကုန်သွယ်မှု မြှင့်တင်ရေးတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးခြင်း၊ ဆေးအသင်းနှစ်ခုအကြား နားလည်မှုစာချွန်လွှာ (MOU)လက်မှတ်ရေးထိုးခြင်း၊ ကိုရီးယားသမ္မတနိုင်ငံရှိ ဆေးဝါးစက်ရုံများ၏ cGMP ဆေးဝါးထုတ်လုပ်မှုနည်းစနစ်ကျင့်စဉ်ကို လေ့လာခြင်းနှင့် Buy Korea 2009 ပြပွဲနှင့် Buyer-Seller Meeting တို့ကို တက်ရောက်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

ကျန်းမာရေးပညာပေးဟောပြောပွဲ သူနာပြုတက္ကသိုလ်၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်း (ဗဟို)နှင့် MoAsiaCo.,Ltd.(DUMEX) တို့ပူးပေါင်းကျင်းပသည့် ကျန်းမာရေးပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၉ရက် နံနက် ၉နာရီက ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်နန်းထွမ်းလှက အမှာစကား ပြောကြားသည်။

ထို့နောက် Mo Asia Co., Ltd. (DUMEX) မှ တာဝန်ရှိသူများက မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း(ဗဟို) အတွက် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ အသင်းဥက္ကဋ္ဌက လက်ခံယူသည်။ **(အောက်ပုံ)**

ရှင်းလင်းဖြေကြား

ယင်းနောက် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါ်နွဲ့ခင်က သူနာပြု အရည်အသွေးမြှင့်တင်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း (ဗဟို) ဘဏ္ဍာရေးမှူး ဒေါ်စန်းရီက သူနာပြုကျင့်ဝတ်လိုက်နာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ MoAsiaCo.,Ltd.(DUMEX) မှ Senior Nutrition Advisor ဒေါ်စုစုလွင်က ကလေးငယ်များအတွက် ကိုယ်ခံစွမ်းအားမြင့်မားစေသော အာဟာရဓာတ်များအကြောင်းကိုလည်းကောင်း ဟောပြောကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နေပြည်တော် မြန်မာ့အသံ

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)
(၂၂-၉-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (အင်္ဂုလိမာလသုတ်+ဗောဇ္ဈင်္ဂသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၂၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (ကျောင်းတက္ကသိုလ်ပြီးတော့ ဘဝတက္ကသိုလ်)
၈း၄၀	တေးပဒေသာ
၉း၀၀	**အစီအစဉ်ပြီး၏။**
၁၀း၀၀	(၁၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲဝင်များလေ့လာရန် (ကာလပေါ်/ခေတ်ဟောင်း၊ ခေတ်အကြိုက်တေးများ) မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ(ငါးရှူဆီပြန်၊ ကြောင်လျှာသီးသုပ်၊ ခဝဲသီးနှင့် ပဲကြာဆံဟင်းချို)
၁၀း၅၅	တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	Talk on line (နောနော်)
၁၁း၅၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် တူယှဉ်သီကြွေးစုံတွဲတေး
၁၂း၄၀	ရွှင်လန်းစေချင် သောတရှင်
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	ပညာရေးအစီအစဉ် (ဆဋ္ဌမတန်း-ပထဝီဝင်)
၁၃း၂၀	တေးပဒေသာ
၁၃း၃၀	ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၄း၀၀	**အစီအစဉ်ပြီး၏။**
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	မေတို့တွက်တာ အလှကမ္ဘာ (မိန်းကလေးတွေ လှပကြစမ်းပါ)
၁၇း၁၀	တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ညနေခင်းတေးပဒေသာ
၁၇း၄၅	ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ်(၆)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	ညနေခင်းတေးပဒေသာ
၁၈း၃၀	စာအုပ်စာပေ လူ့မိတ်ဆွေ-သိပ္ပံမောင်ဝ၏ ဘဝနှင့်စာပေ တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၀၅	ဓာတ်လမ်းပမာနားဆင်စရာ (လူပျိုကြီးပဲလုပ်တော့မယ်) တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀	သူ့ခေတ်သူ့ခါတေးကမ္ဘာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	တေးစီးရီး(တမ်းတဖော်) စီးပွားရေးဦးတည်ချက်
၂၁း၀၀	တေးပဒေသာ ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁း၂၀	လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ
၂၂း၀၀	**အစီအစဉ်ပြီး၏။**

● *ရှေ့ဖုံးမှ*

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့်အတူ မြဝတီ၊ တမူး စသည်ဖြင့် ကုန်းတွင်းပိုင်းလမ်းကြောင်း ကုန်သွယ်ရေးစခန်းများအဖြစ် ပုံမှန်ကုန်သွယ်မှု လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။

မြန်ဆန်စွာဆောင်ရွက်ပေး

မူဆယ် (၁၀၅)မိုင်နှင့် မြဝတီကုန်သွယ်ရေးဇုန်မှတစ်ဆင့် One Stop Service စနစ်ဖြင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ကုန်းတွင်းပိုင်းလမ်းကြောင်းအသီးသီးမှ အိမ်နီးချင်းနိုင်ငံများနှင့် ပုံမှန် ကုန်သွယ်မှုပြုလုပ်ရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်စပ်နေသော မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် တန်ဖိုးပမာဏအရ နယ်စပ် ကုန်သွယ်မှုအားလုံး၏ ၇၀ ရာခိုင်နှုန်းကျော်နီးပါး ပါဝင်ဆောင်ရွက်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းသော ကုန်းတွင်းပိုင်း ပုံမှန်ကုန်သွယ်မှုစခန်းကြီးတစ်ခု ဖြစ်သည်။

ပုံမှန်ကုန်သွယ်မှု

ထို့အတူ မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုပမာဏသည် ကုန်းတွင်းပိုင်း ကုန်သွယ်ရေးစခန်းများအနက် ဒုတိယတန်ဖိုးပမာဏအများဆုံး ကုန်းတွင်းပိုင်း ပုံမှန်ကုန်သွယ်ရေးစခန်း ဖြစ်သည်။

ကရင်ပြည်နယ် မြဝတီမြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးရေးသားရန် မကြာမီက သွားရောက်ခဲ့သော မြန်မာ့အလင်း သတင်းအဖွဲ့သည် မြဝတီ ကုန်သွယ်ရေးဇုန်နှင့်ပတ်သက်၍ သိရှိလိုသည်များကို နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာမြင့်အား တွေ့ဆုံမေးမြန်းခဲ့သည်။

မေး - လက်ရှိပို့ကုန်၊ သွင်းကုန်ဆောင်ရွက်နေတဲ့ ကုန်ပစ္စည်း အမျိုးအမည်တွေကို သိပါရစေခင်ဗျား။

ဖြေ - လက်ရှိပို့ကုန်တွေကတော့ ဆန်၊ ကဏန်း၊ ပုစွန်၊ ငါးမျိုးစုံ၊ သီဟိုဠ်စေ့၊ ကွမ်းသီးတို့ ဖြစ်ပါတယ်။ သွင်းကုန်တွေကတော့ လယ်ယာသုံးစက်ပစ္စည်းများ၊ ဓာတ်မြေသြဇာ၊ ကားအပိုပစ္စည်း၊ချည်ထည်ပိတ်စနှင့် အလှကုန်ပစ္စည်းတို့ ဖြစ်ပါတယ်။

မေး - ပုံမှန်တင်ပို့၊ တင်သွင်းပြုလုပ်နေတဲ့ကုန်ပစ္စည်းများကိုလည်း သိပါရစေ။

ဖြေ - ပုံမှန်တင်ပို့နေတဲ့ ပစ္စည်းတွေကတော့ ရေထွက်ပစ္စည်းနဲ့ လယ်ယာထွက်ကုန်ပစ္စည်းများ ဖြစ်ပါတယ်။ ပုံမှန်တင်သွင်းနေတဲ့ ပစ္စည်းတွေကတော့ လယ်ယာသုံးစက်ကိရိယာ၊ လူသုံး၊ အိမ်သုံးနဲ့ စားသောက်ကုန်ပစ္စည်းများနဲ့ ဓာတ်မြေသြဇာတွေပဲ ဖြစ်ပါတယ်။

မေး - တစ်ရက် သို့မဟုတ် တစ်လအတွင်း ပုံမှန်တင်ပို့၊ တင်သွင်း ပြုလုပ်နေတဲ့ ကုန်ပစ္စည်းတန်ချိန်များကို သိပါရစေခင်ဗျား။

ဖြေ - ပုံမှန်တင်ပို့နေတာကတော့ တစ်နေ့ကို တန် ၈၀နှင့် တန် ၁၀၀ကြားမှာ ရှိပါတယ်။ ပုံမှန်တင်သွင်းနေတာကတော့ တစ်နေ့ကို တန် ၂၀၀နဲ့ တန် ၃၀၀ ကြားမှာ ရှိပါတယ်။

မေး - ဘယ်လိုအခြေအနေမျိုးနဲ့ ညီညွတ်ရင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုထားပါသလဲ။

ဖြေ - လုပ်ငန်းရှင်ဟာ နိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင် ဖြစ်ရမယ်။ ပို့ကုန်၊ သွင်းကုန် ကုမ္ပဏီမှတ်ပုံတင်ထားသူ ဖြစ်ရမယ်။ ပို့ကုန်၊ သွင်းကုန် လုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်ရရှိထားသူဖြစ်ရမယ်။ မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဝင်ထားရမယ်။ မြဝတီဆိုရင် မြဝတီ နယ်စပ်ကုန်သည်အသင်းမှာ အသင်းဝင်ထားသူဖြစ်တယ်ဆိုရင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုပါတယ်။

မေး - မြဝတီကုန်သွယ်ရေးဇုန်ရဲ့ ကုန်ပစ္စည်း ပို့ကုန်၊ သွင်းကုန် အခြေအနေကို သိပါရစေခင်ဗျား။

ဖြေ - မြဝတီကုန်သွယ်ရေးဇုန်မှာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ် ပို့ကုန်ပစ္စည်း အမယ် ၂၀ ကျော်နဲ့ သွင်းကုန်ပစ္စည်းအမယ်ပေါင်း ၁၀၀၀ကျော်လောက် တင်သွင်းခဲ့ပါတယ်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ် ပထမ လေးလအတွင်းမှာတော့ ပို့ကုန်ပစ္စည်း ၁၅မျိုးခန့်နဲ့ သွင်းကုန်ပစ္စည်း ၈၀၀ ကျော်လောက် တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။

ပုံမှန်တင်ပို့

"ပုံမှန် တင်ပို့နေတာကတော့ တစ်နေ့ကို တန် ၈၀နဲ့ တန် ၁၀၀ ကြားမှာ ရှိပါတယ်"

ဒေါ်ခင်မာမြင့်
လ/ထညွှန်ကြားရေးမှူး
နယ်စပ်ကုန်သွယ်ရေး
ဦးစီးဌာန။

မေး - နယ်စပ်ကုန်သွယ်ရေး ဝင်ပေါက်/ထွက်ပေါက်များအနက် မြဝတီ ကုန်သွယ်ရေးဇုန်ရဲ့ ကုန်သွယ်မှုပမာဏနဲ့ အခြေအနေကို သိပါရစေ။

ဖြေ - မြဝတီ ကုန်သွယ်ရေးဇုန်ဟာ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနမှ နိုင်ငံတော်ဝင်ငွေ ရှာဖွေပေးရာတွင် ဒုတိယအများဆုံး ဖြစ်ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်တွင် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး ဤသို့ ဆောင်ရွက်ပေးလျက်ရှိသည်။ (မြန်မာ့အလင်း)

မြဝတီ ကုန်သွယ်ရေးဇုန်တွင်ပို့ကုန်၊သွင်းကုန်လုပ်ငန်းဆောင်ရွက်ရန် ကုန်အပြည့်တင်ဆောင်ထားသော မော်တော်ယာဉ်များကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ကုန်သွယ်မှုပမာဏအနေနဲ့ ဒုတိယအများဆုံး ကုန်သွယ်မှုကို ဆောင်ရွက်နိုင်တဲ့ စခန်းဖြစ်ပါတယ်

ဟူ၍ ပြောကြားသွားသည်။

ယခုအခါ နှစ်နိုင်ငံအကြား ပုံမှန်ကုန်သွယ်ရေးကို တရားဝင် ခွင့်ပြုထားသဖြင့် ထိုက်သင့်သော အခွန်အခများ ပေးဆောင်ပြီး ကုန်ပစ္စည်းများကို လွယ်လင့်တကူ ရောင်းဝယ်လာကြသည်။ တရားမဝင်ကုန်သွယ်မှုများ မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ပညာပေးဆောင်ရွက်လျက်ရှိသည်။

ဆက်လက်အားထုတ်

အလားတူ အခြားကုန်းတွင်းပိုင်း ကုန်သွယ်မှုလမ်းကြောင်းများကလည်း ကုန်သွယ်မှုလုပ်ငန်းများကို စနစ်တကျ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်အားထုတ် ကြိုးပမ်းလျက်ရှိသည်။

သို့ဖြစ်၍ နှစ်နိုင်ငံ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို ကုန်သွယ်ရေးဇုန်များမှတစ်ဆင့် ပုံမှန်ကုန်သွယ်မှုစနစ်နှင့်အညီ ပိုမိုအောင်မြင်ဖြစ်ထွန်းလာအောင် ဆောင်ရွက်လျက်ရှိရာ ပင်လယ်ရေကြောင်းထွက်ပေါက် ရန်ကုန်ဆိပ်ကမ်းကဲ့သို့ပင် နိုင်ငံတော်၏ အဓိက အားထားရသော ကုန်းတွင်းပိုင်း ကုန်သွယ်ရေးလမ်းကြောင်းအဖြစ် မှတ်ကျောက်တင်လျက် ရှိပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

စက်တင်ဘာ ၁၁ ရက်က လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဆင်းပွဲ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က ထူးချွန်ဆုရ (၁၁)ရပ်ကွက် စာကြည့်တိုက်မှူးအား ဆုချီးမြှင့်စဉ်။ (၀၉၇)

အလက(၁) မရမ်းကုန်း မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၀

၁၉၈၇-၁၉၉၉ခုနှစ်အတွင်း အလက(၁) မရမ်းကုန်း ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၃ ရက် (သီတင်းကျွတ်လပြည့်) စနေနေ့ နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ လျှုဒါန်းလိုပါက ဖုန်း-၆၆၀၆၀၃၊ ၆၆၅၈၀၃နှင့် ၀၉-၅၁-၇၃၅၉၄ တို့သို့ ဆက်သွယ်နိုင်ပြီး မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

မီးဘေးလုံခြုံရေး ကလော၌ ဆောင်ရွက်

ကလော စက်တင်ဘာ ၂၀

ကလော မြို့မဈေး အတွင်းအပြင်ရှိ ဆိုင်ခန်းများ မီးဘေးလုံခြုံရေးအတွက် စက်တင်ဘာ ၅ရက်က ဒုတိယဦးစီးမှူး (ဈေး) ဦးဆောင်သောအဖွဲ့ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ချယ်ရီလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

■ *ရှေ့ဖုံးမှ*

ပြည်ထောင်စုလမ်းမကြီးများ

ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက် ပြုပြင်ထိန်းသိမ်းလျက်ရှိသော လမ်းမကြီးများမှာ ယခင်က လမ်း၁၁လမ်းနှင့် လမ်းမိုင်အရှည်စုစုပေါင်း ၂၄၅၂မိုင်သာရှိခဲ့ရာမှ ယခုအခါ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အခြေခံရည်မှန်းချက်အဖြစ်ထားရှိပြီး ရေရှည်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အတွက် နိုင်ငံ၏ တောင်နှင့်မြောက်အလျားလိုက် လမ်းမကြီး ၃၆ခု၊ အရှေ့နှင့်အနောက် ကန့်လန့်ဖြတ်လမ်းမကြီး ၄၅ခု၊ စုစုပေါင်းလမ်းမကြီး ၈၁လမ်းကို မိုင်ပေါင်း ၁၅၃၄၄မိုင် အထိ ဖောက်လုပ်ပေးနိုင်ခဲ့ပြီး ထိုလမ်းမများသည် ယခုအခါ ပြည်ထောင်စုလမ်းမကြီးအသွင် ဖြစ်လျက်ရှိနေသည်။

ပြည်နယ်/တိုင်းချင်းဆက်လမ်းများ

ယခုအခါ ပြည်နယ်နှင့်တိုင်းချင်းဆက်လမ်းများအဖြစ် တောင်-မြောက်လမ်းမကြီး ၂၉လမ်းနှင့် အရှေ့-အနောက် လမ်းမကြီး ၂၃လမ်း စုစုပေါင်း ၅၂လမ်းအထိရှိနေပြီး စုစုပေါင်းလမ်းမိုင်အရှည်မှာ ၁၂၆၀၂မိုင်နှင့် မြို့ချင်းဆက်လမ်း များအဖြစ် ပြည်နယ်နှင့် တိုင်းများအလိုက် စုစုပေါင်းကတ္တရာလမ်း ၂၈၅၀မိုင် ၁ဖာလုံ၊ ကျောက်လမ်း ၁၉၅၁မိုင် ၂ဖာလုံ၊ အမာခံကျောက်စရစ်လမ်း ၁၃၂၀မိုင် ၀ဖာလုံနှင့် မြေလမ်း ၂၃၉၁မိုင် ၂ဖာလုံ စုစုပေါင်း ၈၅၁၂မိုင် ၅ဖာလုံ ရှိနေပြီဖြစ်သည်။

မဟာဗျူဟာလမ်းမကြီးများ

မဟာဗျူဟာလမ်းမကြီးများအနေဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်သည့်လမ်း ၁၇လမ်း၏ လမ်းအရှည် ၁၄၁၁မိုင် ၄ဖာလုံနှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ဆောင်ရွက်သည့်လမ်း ၂၉လမ်း၊ ၁၄၇၀မိုင် ၃ဖာလုံ စုစုပေါင်းလမ်းမိုင် ၂၈၈၁မိုင် ၇ဖာလုံ ရှိသည်။

ဧရာဝတီတိုင်းမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ၂၁-၅-၂၀၀၈ရက်နေ့ နိုင်ငံတော်အကြီးအကဲ၏ ဧရာဝတီတိုင်းခရီးစဉ်လမ်းညွှန်ချက်အရ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို လမ်းမကြီးငါးသွယ်ဖြင့် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး လမ်းကြောင်းသုံးခုအပါအဝင် ယခုအခါ လမ်းကွန်ရက်လမ်းရှစ်သွယ် ရှိနေပြီ ဖြစ်သည်။ ယင်းတို့မှာ-

(၁)	မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း	၄၃ မိုင် ၅ ဖာလုံ
(၂)	မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းကောက်-ပြင်စလူလမ်း	၆၉ မိုင် ၃ ဖာလုံ
(၃)	လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း	၃၅ မိုင် ၂ ဖာလုံ
(၄)	လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း	၃၉ မိုင် ၀ ဖာလုံ
(၅)	ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း	၄၁ မိုင် ၂ ဖာလုံ
(၆)	ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း	၃၈ မိုင် ၅ ဖာလုံ
(၇)	ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်း	၅၁ မိုင် ၅ ဖာလုံ
(၈)	ကျုံကဒွန်း-စက်ဆန်းလမ်း	၁၉ မိုင် ၁ ဖာလုံ

တို့ဖြစ်သည်။

အခြားဝန်ကြီးဌာနလမ်းများ

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများပါမကျန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းတည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာ အဓိကအခြေခံကျသောလမ်းပန်းဆက်သွယ်ရေးကို အထူးဝါယမစိုက်ကာ ကြိုးပမ်း ဖောက်လုပ်ခဲ့သောကြောင့် လမ်းအရှည်မိုင်များ တိုးတက်ဖြစ်ထွန်းနိုင်ခဲ့ပြီး ယခုအခါ လမ်းမိုင်ပေါင်းမှာ ၅၉၉၁၉မိုင် ၇ဖာလုံအထိ ရှိနေပြီဖြစ်သည်။

၄င်းတို့မှာ-

စဉ်	အဖွဲ့အစည်း	ကွန်ကရစ် လမ်း (မိုင်-ဖာလုံ)	ကတ္တရာ လမ်း (မိုင်-ဖာလုံ)	ကျောက် လမ်း (မိုင်-ဖာလုံ)	အမာခံ လမ်း (မိုင်-ဖာလုံ)	မြေ လမ်း (မိုင်-ဖာလုံ)	စုစုပေါင်း လမ်း (မိုင်-ဖာလုံ)
၁။	နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန(၂၀၀၈) ခုနှစ်အထိ						
	(က) မြို့တွင်း လမ်းများ	၀/၇	၂၃၅၄/၁	၁၁၇၁/၅	၃၄၇/၀	၂၁၁၆/၇	၅၉၉၀/၄
	(ခ) ကျေးလက်လမ်းများ	၃၁/၀	၁၅၈၇/၄	၆၁၇၃/၄	၂၄၃၂/၅	၂၉၂၁၃/၆	၃၉၄၃၈/၃
	(ဂ) နယ်စပ်လမ်းများ	-	၄၁၆/၇	၂၅၀၁/၁	-	၃၄၉၈/၅	၆၄၁၆/၅
၂။	ရန်ကုန်မြို့တော်စည်ပင် သာယာရေးနယ်နိမိတ် အတွင်းရှိ လမ်းများ (၂၀၀၈)ခုနှစ်အထိ	၃၁၀/၅	၁၀၃၅/၁	၄/၇	၂၉၇/၇	၃၀၃/၂	၁၉၅၁/၆
၃။	မန္တလေးမြို့တော်စည်ပင် သာယာရေးနယ်နိမိတ် အတွင်းရှိ လမ်းများ (၂၀၀၉)ခုနှစ်အထိ	၁/၂$\frac{၃}{၄}$	၃၃၇/၁	၇၈/၅$\frac{၁}{၂}$	-	၁၉၀/၅$\frac{၃}{၄}$	၆၀၇/၆$\frac{၁}{၂}$
၄။	နေပြည်တော် အထူးဖွံ့ဖြိုးရေးစီမံကိန်း လမ်းများ(၂၀၀၈)ခုနှစ်အထိ	၁၂၈/၂$\frac{၁}{၂}$	၅၆/၁$\frac{၃}{၄}$	၂၇/၃$\frac{၁}{၂}$	၁၃/၃$\frac{၃}{၄}$	၁၀၈/၆	၃၃၄/၁$\frac{၁}{၂}$
၅။	စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး လမ်းများ(၂၀၀၉)ခုနှစ်အထိ	၁၆၁/၄	၂၈/၄	၁၇၇၆၇	၂၁၀/၃	၄၀၂၂/၃	၄၆၀၀/၅
၆။	လျှပ်စစ်(၁)မှဖောက်လုပ် သောလမ်းများ (၂၀၀၉)ခုနှစ်အထိ	၁၄/၀	၅၄/၄	၁၈၂/၁	၁၄၃/၅	၁၃၂/၁	၅၂၆/၄
၇။	လျှပ်စစ်(၂)မှ ဖောက်လုပ်သော လမ်းများ(၂၀၀၉)ခုနှစ်အထိ	-	-	-	-	၅၃/၄	၅၃/၄

ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ B.O.T စနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လျက်ရှိသောလမ်းများ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချမှတ်သော လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ စေရေး လုပ်ငန်းတာဝန်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ထမ်းဆောင်ရာတွင် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်အရ တည်ဆောက်လုပ်ကိုင်လွှဲပြောင်း (Build Operate & Transfer) စနစ်ဖြင့် လုပ်ကိုင်ခွင့်လွှဲပေး၍ လုပ်ငန်းအပ်နှံဆောင်ရွက်လျက်ရှိသော လမ်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

မကွေးတိုင်းရှိ နတ်မောက်-ကျောက်ပန်းတောင်း ကားလမ်း။ (ဓာတ်ပုံမှတ်တမ်း-ဆောက်လုပ်ရေး)

စဉ်	လမ်းအမည်	လမ်းအပိုင်း	မိုင်အရှည် (မိုင်/ဖာလုံ)	ကုမ္ပဏီအမည်
၁။	ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေး ပြည်ထောင်စုလမ်းမကြီး	ထောက်ကြန့်-ပဲခူး	၃၂/၆	မက်(စ်)မြန်မာ
		ပဲခူး-ညောင်လေးပင်	၄၈/၀	ရွှေသံလွင်ဟိုင်းဝေး
		ညောင်လေးပင်-ဇေယျာဝတီ	၄၈/၀	အိုလံပစ်ဟိုက်စတား
		ဇေယျာဝတီ-ရေတာရှည်	၄၈/၀	ကမ္ဘောဇလမ်းကြောင်းရှာဖွေရေး စက်မှုလုပ်ငန်း
		ရေတာရှည်-နေပြည်တော်ပျဉ်းမနား	၃၉/၅·၅	အေးရှားဝေါလ်
		နေပြည်တော်ပျဉ်းမနား-ရမည်းသင်း	၄၅/၄·၅	အေးရှားဝေါလ်
		ရမည်းသင်း-မိတ္ထီလာ	၄၈/၀	ယုဇနဟိုင်းဝေး
		မိတ္ထီလာ-မန္တလေး	၈၇/၇	သော်တာဝင်းဆောက်လုပ်ရေး
၂။	မြစ်ငယ်-ထုံးဘို-ပြင်ဦးလွင်လမ်း		၉/၃	အေးရှားဝေါလ်
၃။	ပုသိမ်-ငွေဆောင်လမ်း		၂၉/၅	အေးရှားဝေါလ်
၄။	ရန်ကုန်-ပြည်-မန္တလေးလမ်း	ရန်ကုန်-ပြည်-မကွေး	၃၃၄/၄	ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်
		ကိုးပင်-စမ်းမကြီး	၃၀၈/၅	
		သစ်ရာကောက်	၁၉/၃	
		အမှတ်(၄)လမ်းမကြီး	၆/၄	
၅။	မြစ်ကြီးနား-ပန်ဆောက်-လီဒိုလမ်း	မြစ်ကြီးနား-နမ္မတီး-တနိုင်း	၁၁၉/၄	မြစ်ကြီးနား နမ္မတီးအပိုင်း B.O.T ဖြင့် ဆောင်ရွက်ရန် ဖြစ်ပါသည်။ (လီဒိုဟိုင်းဝေး)
၆။	ရန်ကုန်-မြိတ်လမ်း	ဘုရားကြီး-ကျိုက်ထို	၅၆/၃	ရွှေသံလွင်ဟိုင်းဝေး
		ကျိုက်ထို-သထုံ-မော်လမြိုင်	၇၁/၆	ရွှေသံလွင်ဟိုင်းဝေး
၇။	သထုံ-ဘားအံလမ်း	သထုံ-မြိုင်ကလေး သံလွင်တံတား (ဘားအံထိပ်အထိ)	၂၆/၂	ရွှေသံလွင်ဟိုင်းဝေး
၈။	မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း	မိတ္ထီလာ-တောင်ကြီး	၁၄၀/၅	တောင်ပေါ်ဒေသလမ်း ဆောက်လုပ်ရေး
		ပျော်ဘွယ်-ဘုရားငါးဆူ	၁၆/၁	
		သာစည်-သပြေဝ	၉/၂	
၉။	ရန်ကုန်-ပုသိမ်လမ်း		၁၂၆/၄	အေးရှားဝေါလ်
၁၀။	မန္တလေး-စစ်ကိုင်း-မုံရွာ ရေဦးလမ်း (မြင်းမူ မြို့ရှောင်လမ်းအပါအဝင်)	စစ်ကိုင်း-မုံရွာ	၇၃/၃	ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု
၁၁။	မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်း	အုန်းတော-ရွှေဘို	၄၂/၆	ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု
၁၂။	မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦး-ပုဂံလမ်း		၉၃/၆	မြတ်နိုးသူ
၁၃။	ညောင်ဦး-မြင်းခြံလမ်း		၄၀/၂	မြတ်နိုးသူ
၁၄။	မန္တလေး-ပြင်ဦးလွင်-ဝက်ဝံ-နောင်ချိုလမ်း		၇၁/၀	အေးရှားဝေါလ်
၁၅။	နောင်ချို-ကျောက်မဲလမ်း		၄၄/၀	အေးရှားဝေါလ်
၁၆။	လားရှိုး-မူဆယ်လမ်း		၁၀၂/၃	အေးရှားဝေါလ်
၁၇။	ကြူကုတ်-မူဆယ်-နမ့်ခမ်း		၄၄/၀	အေးရှားဝေါလ်
၁၈။	သိန်းနီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်း		၆၆/၀	အေးရှားဝေါလ်
၁၉။	ကျိုင်းတုံ-တာချီလိတ်လမ်း		၁၀၂/၂	သော်တာဝင်းကုမ္ပဏီ

(ဆက်လက်ဖော်ပြပါမည်)

အလွန်လေးလံလှသည့် သံပတင်ဂလန်ချောင်းများကို ကားဘော်ဒီ ကျော်လွန်သည်အထိ တင်ဆောင်မောင်းနှင်သော ကားများကိုလည်း ကားလမ်းများပေါ်၌ ဤသို့ တွေ့နေရသည်။ (ဓာတ်ပုံမှတ်တမ်း-ဆောက်လုပ်ရေး)

ကမ္ဘာ့အိုဇုန်းလွှာနှင့် မြန်မာနိုင်ငံ

အိုဇုန်းဆိုသည်မှာ အောက်ဆီဂျင် အက်တမ်သုံးလုံး ပေါင်းထားသည့် ဓာတ်ငွေ့မော်လီကျူး ဖြစ်ပါသည်။ ဓာတုဗေဒသင်္ကေတအတိုကောက်အားဖြင့်(O_3) ဟုရေးပါသည်။ အိုဇုန်းလွှာဆိုသည်မှာ အိုဇုန်းအငွေ့များ စုစည်းထားသည့် ပါးလွှာသည့် ဓာတ်ငွေ့တန်းတစ်ခု ဖြစ်ပါသည်။ ကမ္ဘာ့လေထုအပေါ်လွှာပိုင်းရှိ အိုဇုန်းလွှာသည် နေမှလာသော သက်ရှိတို့အတွက် အန္တရာယ်ရှိသည့် ခရမ်းလွန်ရောင်ခြည်လှိုင်း(ဘီ)အမျိုးအစား Ultraviolet-B (UV-B) Radiation များကို ကမ္ဘာ့မြေပေါ်သို့ မကျရောက်စေရန်အတွက် သဘာဝအကာအရံသဖွယ် ကာကွယ်ပေးထားသော ကမ္ဘာ့မြေပေါ်အတွက် အန္တရာယ်မှ ကာကွယ်ပေးသည့် ဒိုင်းကြီးသဖွယ် ဖြစ်ပေါ်နေပါသည်။ ၎င်းအိုဇုန်းလွှာမှာ ကမ္ဘာမြေကြီး၏ အထက် ၆ မိုင်မှ မိုင် ၃၀ အကြားတွင် တည်ရှိပါသည်။

အိုဇုန်းသည် သဘာဝအလျောက် ကမ္ဘာ့လေထု အပေါ်လွှာပိုင်းတွင် လွင့်မျောနေသော အိုဇုန်းထုကို အိုဇုန်းလွှာဟုခေါ်ပါသည်။ အိုဇုန်းလွှာသည် နေမှလာသော ခရမ်းလွန်ရောင်ခြည်များအနက် ခရမ်းလွန်ရောင်ခြည်လှိုင်း(အေ)အမျိုးအစား Ultraviolet-A (UV-A) Radiation များကို စုပ်ယူခြင်း မပြုနိုင်ကြောင်းသိရပြီး ခရမ်းလွန်ရောင်ခြည်လှိုင်း(ဘီ)အမျိုးအစား Ultraviolet-B (UV-B) Radiation များကို အများဆုံးစုပ်ယူနိုင်ကြောင်းနှင့် ခရမ်းလွန်ရောင်ခြည်လှိုင်း(စီ) အမျိုးအစား Ultraviolet-C (UV-C) Radiation များကို လုံးဝနီးပါး စုပ်ယူနိုင်ကြောင်း လေ့လာသိရှိရပါသည်။ ကမ္ဘာပေါ်တွင် သိပ္ပံပညာရှင်များက အိုဇုန်းလွှာပါးလွှာမှုကို လေ့လာတွက်ချက်ရန်အတွက် ကမ္ဘာ့နေရာအနှံ့ အိုဇုန်းလွှာပါးလွှာမှုကို စောင့်ကြည့်နေသည့် စခန်းများ တည်ဆောက်ပြီး နေ့စဉ် တိုင်းထွာ တွက်ချက်လျက်ရှိပါသည်။ ထိုပညာရှင်များ တွက်ချက်ထားသည့် အစီရင်ခံစာများအရ ကမ္ဘာ့မြောက်ဝင်ရိုးစွန်းနှင့်တောင်ဝင်ရိုးစွန်းများဖြစ်ကြသော အာတိတ်နှင့် အန္တာတိကဒေသများတွင် ကမ္ဘာ့အိုဇုန်းလွှာ ပါးလွှာလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထိုသို့ လေ့လာသိရှိချက်အရ မြောက်အမေရိက၊ တောင်အမေရိက၊ ဥရောပ၊ အရှေ့သြစတြေးလျနှင့် အာဖရိကဒေသရှိ အချို့နိုင်ငံများတွင် အိုဇုန်းလွှာပါးနေကြောင်း လေ့လာသိရှိရပါသည်။ ထိုဝင်ရိုးစွန်းနှစ်ခုအနက်မှ အထူးသဖြင့် အာတိတ်ဒေသသည် နှစ် ၂၀၀၀အတွင်း အပူရှိန်အနိမ့်ဆုံး အခြေအနေသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ပတ်လမ်းပုံစံ ပြောင်းလဲသွားခဲ့ပြီးနောက် ရာစုနှစ်ပေါင်းများစွာ အေးခဲလာသော အာတိတ်ဒေသသည် လူသားတို့၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု မြင့်တက်စေခဲ့ခြင်းကြောင့် ပြီးခဲ့သည့် နှစ် ၁၀၀အတွင်း အပူချိန်မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့ ကမ္ဘာပေါ်ရှိ အိုဇုန်းလွှာများ ပျက်စီးခြင်းကြောင့် နေမှခရမ်းလွန်ရောင်ခြည်များ ကမ္ဘာမြေပေါ်သို့ကျရောက်မှု ပိုမိုများပြားလာပြီး ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ်သို့ ကျယ်ပြန့်စွာ ထိခိုက်မှုများအနက် သိသာထင်ရှားသည့် ထိခိုက်မှုများအဖြစ် အရေပြား နီမြန်းရောင်ရမ်းစေခြင်း၊ အရေပြားကင်ဆာရောဂါဖြစ်ပွားစေခြင်းနှင့် မျက်စိတိမ်စွဲခြင်း၊ အသားအရေနေလောင်ခြင်း၊ မျက်စိကွယ်စေခြင်း၊ လူနှင့်တိရစ္ဆာန်တို့၏ ကိုယ်ခန္ဓာခံနိုင်ရည်စွမ်းအားလျော့ကျစေပြီး အခြားရောဂါများ ဝင်ရောက်စေလွယ်ခြင်း၊ အပင်တို့၏ အသီးအပွင့်ဖြစ်ထွန်းမှု လျော့ကျစေခြင်းဖြင့် စားနပ်ရိက္ခာပြတ်လပ်မှု ကြုံတွေ့စေနိုင်ခြင်းတို့ကြောင့် (Eco-system)ဂေဟစနစ် မပျက်စီးစေရေးနှင့် လူ၊ တိရစ္ဆာန်၊ အပင်တို့ ကမ္ဘာကြီးတွင် ရေရှည်တည်တံ့နိုင်ရန်အတွက် အိုဇုန်းလွှာပါးလွှာပျက်စီးခြင်းကို လူသားတို့မှ မဖြစ်မနေ ကာကွယ်ရမည်ဖြစ်ပါသည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ခရမ်းလွန်ရောင်ခြည်များကြောင့် သီးနှံပင်များကို ထိခိုက်စေနိုင်ပါသည်။ စပါး၊ ပဲနှင့် အခြားစိုက်ပျိုးသီးနှံများ၏ ကြီးထွားမှုကို ဟန့်တားစေနိုင်ပြီး သီးနှံအထွက်နှုန်းကိုလည်း ကျဆင်းစေနိုင်ပါသည်။ သီးနှံများတွင် အာဟာရဖြစ်စေမှုကို ကျဆင်းစေပြီး အဆိပ်အတောက်ဖြစ်စေမှုကို တိုးပွားစေနိုင်ပါသည်။ အပင်များ၏ ပုံသဏ္ဌာန်များကိုလည်း ပြောင်းလဲစေနိုင်ပြီး အပင်နှင့်ပိုးမွှားမျှတနေသည့် သဘာဝပတ်ဝန်းကျင်များကိုလည်း ပျက်စီးစေနိုင်ပါသည်။

ပင်လယ်ငါးတို့၏ အစားအစာဖြစ်သည့် ပင်လယ်အတွင်းမှ အပင်ငယ်ကလေးများနှင့် ငါး၊ ပုစွန်၊ ကဏန်းသတ္တဝါငယ်လေးများကိုလည်း ထိခိုက်ပျက်စီးစေနိုင်သဖြင့် ရေလုပ်ငန်းထုတ်လုပ်မှုကို ကျဆင်းစေနိုင်ပါသည်။ ထို့အပြင် ပလတ်စတစ်၊ ရော်ဘာသုတ်ထားသည့် ဆေး၊ သစ်သား၊ စက္ကူ၊ သားမွေးနှင့် ချည်ထည်စသည့် လူသုံးကုန်ပစ္စည်းများမှာလည်း ၎င်းရောင်ခြည်ကြောင့် ယိုယွင်းပျက်စီးစေနိုင်ပြီး ကြာရှည်ခံမှုနှင့် အသုံးဝင်မှုသက်တမ်းများကိုလည်း လျော့ကျစေနိုင်ပါသည်။ ထို့အပြင် နေရောင်ခြည်ထဲမှ ခရမ်းလွန်ရောင်ခြည် (Ultraviolet) အတိုကောက် ယူဗွီ(UV)ရောင်ခြည်ကြောင့် လူတို့တွင် အရေပြားကင်ဆာရောဂါ ဖြစ်နိုင်ပါသည်။

အိုဇုန်းလွှာ(O_3)ပျက်စီးခြင်း

ယနေ့ကမ္ဘာပေါ်တွင် လေထုအတွင်း သဘာဝအလျောက် ဖြစ်ပေါ်နေသော အိုဇုန်း(O_3)လွှာတွင် အောက်ဆီဂျင်အက်တမ်သုံးခုသည် ခရမ်းလွန်ရောင်ခြည်လှိုင်း(ဘီ)များကြောင့် အောက်ဆီဂျင်အက်တမ်နှစ်ခုတွဲ(O_2)နှင့် အောက်ဆီဂျင်အက်တမ်တစ်ခုတည်း(O)သို့ ပြိုကွဲပြီး ယင်းမှတစ်ခုတည်းသော အောက်ဆီဂျင်အက်တမ်သည် အခြားအောက်ဆီဂျင်(O_2)မော်လီကျူးများနှင့် ပြန်လည်ဓာတ်ပြုပြီး အိုဇုန်း(O_3)ပြန်လည်ဖြစ်လာပါသည်။ ၎င်းဖြစ်စဉ်မှာ ကမ္ဘာ့လေထုအတွင်း သဘာဝအလျောက် ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။ အိုဇုန်းအက်တမ်များသည် ကမ္ဘာ့လူသားတို့မှ အသုံးပြုထုတ်လွှတ်လိုက်သော ဓာတုပစ္စည်းများဖြစ်သည့် ကလိုရင်းအက်တမ်နှင့် ဗရိုမင်းအက်တမ်တို့ကြောင့် ပျက်စီးလျက်ရှိပြီး ကမ္ဘာပေါ်ရှိ အိုဇုန်းစုစည်းမှုများကိုပါ ထိခိုက်ပျက်စီးနေသဖြင့် ကမ္ဘာ့ဝင်ရိုးစွန်းများတွင် အိုဇုန်းလွှာအပေါက်(Ozone Hole)များကိုပင် ဖြစ်ပေါ်လျက်ရှိပါသည်။ ကမ္ဘာ့သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ ကလိုရင်းအက်တမ်တစ်ခုသည် အိုဇုန်းမော်လီကျူးတစ်သိန်းအထိကို ဖျက်ဆီးနိုင်သဖြင့် သဘာဝအလျောက် အိုဇုန်းလွှာဖွဲ့စည်းဖြစ်ပေါ်မှုကိုပင် ထိခိုက်စေနိုင်ပါသည်။

အိုဇုန်းလွှာပျက်စီးခြင်းအကြောင်းအရင်း

အိုဇုန်းလွှာပျက်စီးခြင်းများမှာ ကလိုရင်းဓာတ်ပါဝင်သည့် အဓိကပစ္စည်းများဖြင့် ပြုလုပ်ထားသည့် လူများနေ့စဉ်အသုံးပြုနေသည့် လေအေးပေးစက်၊ ရေခဲသေတ္တာ၊ မော်တော်ယာဉ်များတွင်အသုံးပြုသော လေအေးပေးစက်၊ အအေးခန်းများ၊ အနံ့အသက်ကောင်းအောင်ဖျန်းသည့် ဆေးဖျန်းဘူးများ၊ မှုတ်ဆေးများ၊ ဆိုဖာရေမြှုပ်များနှင့် လျှပ်စစ်ပစ္စည်းများသန့်စင်ရာတွင် အသုံးပြုသည့် စီအက်ဖ်စီ(CFC)ခေါ် ကလိုရိုဖလူရိုကာဗွန် (Chlorofluoro Carbon)များ အသုံးပြုထုတ်လွှတ်ထားခြင်းများကြောင့် ဖြစ်ပါသည်။ ၎င်းပစ္စည်းများအသုံးပြုသောအခါ စီအက်ဖ်စီ(CFC) ဓာတ်ငွေ့များထွက်လာပြီး ကမ္ဘာ့လေထုအတွင်း ရောက်ရှိခဲ့သဖြင့် အိုဇုန်းလွှာများ ပါးလွှာစေပါသည်။ ၎င်းအပြင် စီအက်ဖ်စီ(CFC) သာမက မီးသတ်ရာတွင်အသုံးပြုသည့် ဟေလွန်(Halon) ဓာတ်ငွေ့၊ အပင်များတွင် ပိုးသတ်ဆေးအဖြစ်သုံးနေသည့် မီသိုင်းဘရိုမိုက်(Methyl bromide)တို့သည်လည်း အိုဇုန်းလွှာကို ပါးလွှာစေပါသည်။

အိုဇုန်းလွှာပါးလွှာမှုကြောင့် သတိပြုရမည့်အချက်များ

ကမ္ဘာ့အိုဇုန်းလွှာပါးလွှာမှုသည် ပွင့်လင်းရာသီတွင် နေ့အပူရှိန်လွန်ကဲတတ်ခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် (November, December, January, February, March, April)လများအတွင်း လူသားတို့အတွက် နေ့ကာလတွင် (UV-Ultraviolet) ရောင်ခြည်မထိစေရန် ထီး၊ လျှာကျယ်ပြန့်သည့်ဦးထုပ်၊ ခမောက်များဆောင်းသင့်သည့်နည်းတူ ၎င်းနေရောင်ကာကွယ်သည့် ပစ္စည်းများမှာ လူ၏မျက်နှာ၊ နားရွက်၊ ကုပ်ပိုးတို့အား လုံခြုံအောင်ကာကွယ်သည့် ပစ္စည်းများ အသုံးပြုသင့်ပါသည်။ နံနက် ၁၀နာရီမှ ညနေ ၃နာရီအတွင်း အရိပ်ရသော နေရာများတွင် နေထိုင်၍ လုပ်ငန်းခွင်များအား လုပ်ဆောင်သင့်ပါသည်။

တက္ကသိုလ်တင်လက်ျာ

ပွင့်လင်းရာသီအတွင်း လူတိုင်းလူတိုင်းသည် နေ့ကာလ၌ မိမိခန္ဓာကိုယ်၏ အရိပ်သည် မိမိအရပ်ထက်ရှည်လျားနေပါက နေရောင်ခြည်အောက်တွင် နေနိုင်ပါသည်။ သို့ရာတွင် ထီးဆောင်းရန်လိုအပ်ပါသည်။ ပွင့်လင်းရာသီအတွင်း ကိုယ့်အရိပ်သည် ကိုယ့်အရပ်ထက် တိုနေသည့်အချိန်၌ နေရောင်အောက်တွင် ထိုလူအဖို့ လုံးဝမနေသင့်ပါ။ နေ့စဉ်ဝတ်ဆင်နေသော အင်္ကျီ၊ ဘောင်းဘီ၊ ပုဆိုး၊ ထဘီတို့ကို လူ၏ခန္ဓာကိုယ်အပေါ် အများဆုံးဖုံးနိုင်အောင် ရှည်လျားသည့် အဝတ်အစားများ ဝတ်သင့်ပါသည်။ (ဥပမာ- ဘောင်းဘီရှည်၊ အင်္ကျီလက်ရှည်)။ နေပူဒဏ်ကြောင့် မျက်လုံးကျိန်းခြင်းနှင့် မျက်စိကွယ်ခြင်းရောဂါမှကာကွယ်စေရန် နေပူထဲသို့သွားသည့်အခါ ဦးထုပ်ဆောင်း၊ ထီးဆောင်းရုံသာမက၊ နေကာမျက်မှန် တပ်ဆင်အသုံးပြုသင့်ပါသည်။ လူတိုင်းအဝတ်အစားဝတ်ဆင်ပြီး ကျန်အသားပေါ်နေသည့် မျက်နှာ၊ လက်၊ ခြေထောက်တို့တွင်(Sun cream)လိမ်းပြီးမှ နေပူထဲထွက်ခြင်း၊ အလုပ်လုပ်ခြင်းများ ပြုလုပ်သင့်ပါသည်။ အချို့က ခေတ်အဆက်ဆက် နေရောင်ခြည်ထဲတွင် တစ်နေကုန် အလုပ်လုပ်တဲ့သူတွေဟာ မည်သည့်အကာအကွယ်မှ အသုံးမပြုဘဲ သေသည်အထိ အရေပြားရောဂါ(အရေပြားကင်ဆာ)မဖြစ်ခဲ့ကြဘူးဟု ပြောဆိုတာတွေရှိခဲ့ပါသည်။ သို့ရာတွင် လွန်ခဲ့သည့် အနှစ် ၄၀ကျော်ခန့်က ကမ္ဘာကြီးအနေဖြင့် အိုဇုန်းလွှာပါးခြင်း၊ ပေါက်ခြင်းများ ယနေ့ခေတ်လောက်မရှိခဲ့ကြောင်း လေ့လာသိရှိနိုင်ပါသည်။ UV ရောင်ခြည်ကြောင့် လူသားတို့အတွက် အသားအရောင်အဖြူ၊ အမည်းမခွဲခြားဘဲ အရေပြားကင်ဆာ ဖြစ်ပွားနိုင်ပါသည်။

ကမ္ဘာ့အိုဇုန်းလွှာပျက်စီးမှုအခြေအနေ

အိုဇုန်းလွှာပျက်စီးမှုကို ၁၉၇၀ပြည့်နှစ် နောက်ပိုင်းမှစတင်၍ သတိပြုမိလာကြပါသည်။ ၁၉၈၀ပြည့်နှစ်နောက်ပိုင်းတွင် အန္တာတိက အိုဇုန်းလွှာအပေါက်ကို စတင်တွေ့ရှိခဲ့ကြပါသည်။ အလားတူပင် အာတိတ်ဒေသတွင်လည်း အိုဇုန်းလွှာပျက်စီးမှုကို ၁၉၈၂ခုနှစ်နောက်ပိုင်းတွင် တွေ့ရှိခဲ့ရပြီး ယင်းပျက်စီးမှုမှာ အန္တာတိကဒေသထက် ကြီးမားခြင်းမရှိကြောင်း သိရှိရပါသည်။ အီကွေတာမှ တောင်နှင့်မြောက်လတ္တီတွဒ် ၂၀ ဒီဂရီအတွင်း အိုဇုန်းလွှာပျက်စီးမှု မရှိလှပါ။ ၃၅ဒီဂရီအတွင်း အနည်းငယ်လျော့နည်းမှု အခြေအနေတွင်သာရှိကြောင်း သိရှိရပါသည်။ မြောက်လတ္တီတွဒ် ၃၅ဒီဂရီမှ ၆၀ဒီဂရီအတွင်း သုံးရာခိုင်နှုန်းခန့် လျော့နည်းမှုရှိကြောင်း သိရှိရပါသည်။ တောင်လတ္တီတွဒ် ၃၅ဒီဂရီမှ ၆၀ဒီဂရီအတွင်း ခြောက်ရာခိုင်နှုန်းခန့်ရှိကြောင်း သိရှိရပါသည်။ ဝင်ရိုးစွန်းနှင့်နီးလေလေ အိုဇုန်းလွှာ လျော့နည်းလာလေဖြစ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

ကမ္ဘာ့အိုဇုန်းလွှာပျက်စီးမှုအန္တရာယ်အား နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု

ကမ္ဘာ့အိုဇုန်းလွှာ ပျက်စီးမှုအန္တရာယ်အား နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကာကွယ်တားဆီးရန်အတွက် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်မှဦးဆောင်၍ ကမ္ဘာ့အဖွဲ့အစည်းများက ဝိုင်းဝန်းကြိုးပမ်းခဲ့ရာ ၁၉၈၅ ခုနှစ် မတ်လ ၂၂ရက်နေ့တွင် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကိုလည်းကောင်း၊ ၁၉၈၇ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့တွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်ကိုလည်းကောင်း ချုပ်ဆိုနိုင်ခဲ့ကြပါသည်။ အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း(Vienna Convention for the Protection of the Ozone Layer) (၁၉၈၅) သည် အိုဇုန်းလွှာပျက်စီးသဖြင့် ဖြစ်ပေါ်လာရသည့် ဆိုးကျိုးများကြောင့် လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများကို ကာကွယ်တားဆီးရန်ရည်ရွယ်ပြီး အိုဇုန်းလွှာပျက်စီးမှု ကာကွယ်ရေးအတွက် သုတေသနပြုလုပ်ရေး၊ အိုဇုန်းလွှာကို စနစ်တကျ ကြည့်ရှုလေ့လာရေး၊ စီအက်ဖ်စီထုတ်လုပ်မှုကို စောင့်ကြပ်ကြည့်ရှုရေးနှင့် သတင်းအချက်အလက် ဖလှယ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီချက်တစ်ရပ်ဖြစ်ခဲ့ပါသည်။

အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ် (Montreal Protocol on Substances that Deplete the Ozone Layer) (၁၉၈၇) သည် တစ်ကမ္ဘာလုံးတွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများထုတ်လုပ်မှုကို ထိန်းချုပ်ရန်အတွက် ယင်းဒြပ်ပစ္စည်းများ ထုတ်လုပ်မှု(Production)နှင့် သုံးစွဲမှု(Consumption)တို့ကို လျှော့ချရပ်ဆိုင်းရန် အချိန်ဇယားသတ်မှတ်ပေးထားခဲ့ကြောင်း သိရှိရပါသည်။ စာချုပ် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၂၀၀၉ခုနှစ် မေလ ၁၁ရက်နေ့အထိ စာရင်းအရ ဗီယင်နာကွန်ဗင်းရှင်း၊ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်နှင့် ပြင်ဆင်ချက်စာချုပ်များ၏ အဖွဲ့ဝင်ဦးရေစာရင်းမှာ ဗီယင်နာကွန်ဗင်းရှင်း ၁၉၈၅ခုနှစ်တွင် အဖွဲ့ဝင် ၁၉၅ နိုင်ငံ၊ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ် ၁၉၈၇ခုနှစ်တွင် အဖွဲ့ဝင် ၁၉၅ နိုင်ငံ၊ လန်ဒန်ပြင်ဆင်ချက် ၁၉၉၀ပြည့်နှစ်တွင် အဖွဲ့ဝင် ၁၉၂နိုင်ငံ၊ ကိုပင်ဟေဂင်ပြင်ဆင်ချက် ၁၉၉၂ခုနှစ်တွင် အဖွဲ့ဝင် ၁၈၈နိုင်ငံ၊ မွန်ထရီယယ်ပြင်ဆင်ချက် ၁၉၉၇ခုနှစ်တွင် အဖွဲ့ဝင် ၁၇၄နိုင်ငံနှင့် ပေကျင်းပြင်ဆင်ချက် ၁၉၉၉ခုနှစ်တွင် အဖွဲ့ဝင် ၁၅၅နိုင်ငံဖြစ်ကြောင်း သိရှိရပါသည်။

မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်နှင့် ယင်းစာချုပ်၏ပြင်ဆင်ချက် (Amendment)များနှင့် ညှိနှိုင်းသတ်မှတ်ချက်(Adjustment)များအရ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းအမျိုးအစားအလိုက် ထုတ်လုပ်မှုနှင့်သုံးစွဲမှု ရပ်ဆိုင်းရန် အချိန်ဇယားသတ်မှတ်ချက်များ သတ်မှတ်ခဲ့ကြောင်း သိရှိရပါသည်။ ထိုနောက်ဆက်တွဲစာချုပ်နှင့် ယင်းစာချုပ်များအရ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် CFCs - Halons - Halogenated CFCs - Carbon Tetrachloride - Methyl Chloroform - HCFCs - HBFCs - Bromochloromethane - Methyl Bromide စသည့် ဒြပ်ပစ္စည်းများအား အမျိုးအစားအလိုက် ၁၉၉၄ခုနှစ်မှစ၍ ၂၀၃၀ပြည့်နှစ်အတွင်း ဒြပ်ပစ္စည်းအမျိုးအစားအလိုက် အပြီးသတ်နှစ်အလိုက် ထုတ်လုပ်မှုနှင့်သုံးစွဲမှု ရပ်ဆိုင်းနိုင်ရန် ညှိနှိုင်းသတ်မှတ်ခဲ့ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာ အိုဇုန်းနေ့

(၄၉) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ၁၉-၁၂-၁၉၉၄ ရက်နေ့ အစည်းအဝေးတွင် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်အမှတ် ၄၉/၁၁၄ ဖြင့် ၁၉၈၇ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့တွင် မွန်ထရီယယ် နောက်ဆက်တွဲစာချုပ် ချုပ်ဆိုခဲ့သည်ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် စက်တင်ဘာလ ၁၆ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (International Day for the Preservation of the Ozone Layer) အဖြစ် သတ်မှတ်ခဲ့ပါသည်။ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်မှာ ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံး အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘောတူစာချုပ်တစ်ရပ်ဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘာ့အိုဇုန်းလွှာပျက်စီးမှုနှင့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံမှာ အကြမ်းဖျင်းအားဖြင့် မြောက်လတ္တီတွဒ် ၉ဒီဂရီ ၃၀မိနစ်မှ ၂၈ဒီဂရီ ၃၀မိနစ်အတွင်း တည်ရှိနေသဖြင့် မြန်မာနိုင်ငံ၏ ကောင်းကင်တွင် အိုဇုန်းလွှာမှာ အကောင်းပကတိနီးပါးရှိနေကြောင်း ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သိရှိရပါသည်။ မြန်မာနိုင်ငံသည် ဗီယင်နာကွန်ဗင်းရှင်း၊ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်နှင့် လန်ဒန်ပြင်ဆင်ချက်စာချုပ်တို့တွင် ၁၉၉၃ခုနှစ် နိုဝင်ဘာလ ၂၄ရက်နေ့၌ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

အိုဇုန်းလွှာပျက်စီးခြင်းများမှာ ကလိုရင်းဓာတ်ပါဝင်သည့် အဓိကပစ္စည်းများဖြင့် ပြုလုပ်ထားသည့် လူများနေ့စဉ်အသုံးပြုနေသည့် လေအေးပေးစက်၊ ရေခဲသေတ္တာ၊ မော်တော်ယာဉ်များတွင်အသုံးပြုသော လေအေးပေးစက်၊ အအေးခန်းများ၊ အနံ့အသက်ကောင်းအောင်ဖျန်းသည့် ဆေးဖျန်းဘူးများ၊ မှုတ်ဆေးများ၊ ဆိုဖာရေမြှုပ်များနှင့် လျှပ်စစ်ပစ္စည်းများသန့်စင်ရာတွင် အသုံးပြုသည့် စီအက်ဖ်စီ(CFC)ခေါ် ကလိုရိုဖလူရိုကာဗွန်(Chlorofluoro Carbon)များ အသုံးပြု ထုတ်လွှတ်ထားခြင်းများကြောင့်ဖြစ်ပါကြောင်း၊ ၎င်းပစ္စည်းများအသုံးပြုသောအခါ စီအက်ဖ်စီ(CFC) ဓာတ်ငွေ့များထွက်လာပြီး ကမ္ဘာ့လေထု အတွင်း ရောက်ရှိခဲ့သဖြင့် အိုဇုန်းလွှာများ ပါးလွှာစေကြောင်း။

21-9 (10).pmd 1 9/20/2009, 2:32 PM

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်တွင် အဖွဲ့ဝင်ဖြစ်လာခဲ့သည့်အတွက် စီအက်ဖ်စီ၊ အိပ်ချ်စီအက်ဖ်စီ၊ မီသိုင်းဗရိုမိုဒ် စသည့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများကို စာချုပ်အဖွဲ့ဝင် မဟုတ်သည့်နိုင်ငံသို့ တင်ပို့ခြင်း မပြုရန် ကန့်သတ်ချက်ကို ရှောင်ရှားပြီး ပြည်တွင်းသို့ ဆက်လက်တင်သွင်းနေနိုင်ခြင်းဖြစ်ပါသည်။

ယခုအခါ ကိုပင်ဟေဂင်ပြင်ဆင်ချက်စာချုပ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးကြောင်း အကြောင်းကြားစာ(Instrument of Accession) ကိုလည်းပေးပို့ထားပြီးဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံသည် မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်၏ ဖွံ့ဖြိုးဆဲစာချုပ်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အလျောက် ဖွံ့ဖြိုးဆဲစာချုပ်အဖွဲ့ဝင် နိုင်ငံများအတွက် သတ်မှတ်ပေးထားသည့် အချိန်ဇယားအတိုင်း အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ တင်သွင်းသုံးစွဲမှုကို လျှော့ချရပ်ဆိုင်းပေးရပါမည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံတွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများသုံးစွဲမှု လျှော့ချရေးလုပ်ငန်းအစီအစဉ်တစ်ရပ်ကို ရေးဆွဲခဲ့ကြောင်း သိရှိရပါသည်။

၎င်းအပြင် မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်ကို ထိရောက်စွာအကောင်အထည်ဖော်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က အိုဇုန်းစည်းမျဉ်းဥပဒေများ ရေးဆွဲရေးလုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းအရ အိုဇုန်းစည်းမျဉ်းဥပဒေများ ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလ၄ရက်နေ့တွင် နေပြည်တော်ရေဆင်း၊ သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မွန်ထရီယယ် နောက်ဆက်တွဲစာချုပ် အကောင်အထည်ဖော်ရေး နိုင်ငံပေါင်းစုံရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌ၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်နှင့် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့တို့မှ ကျွမ်းကျင်သူများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှ အရာထမ်းများ တက်ရောက်ခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှ ရေးဆွဲထားသည့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ ပြည်တွင်းတင်သွင်းခြင်း၊ ပြည်ပတင်ပို့ခြင်းနှင့် သုံးစွဲခြင်းကို ထိန်းကွပ်သည့် စည်းမျဉ်းဥပဒေ (မူကြမ်း)တစ်ရပ်ကို တင်ပြဆွေးနွေးခဲ့ပါကြောင်း သိရှိရပါသည်။

ကမ္ဘာပေါ်တွင် စက်မှုထွန်းကားလာသည်နှင့်အညီ လူတို့၏ ပယောဂကြောင့် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်(CO_2) အမြောက်အမြားစွန့်ထုတ်မှုကြောင့် (GHG) Green House Gases ဖန်လုံအိမ်အာနိသင်မြင့်မားလာကာ (Global Warming) ကမ္ဘာကြီးပူနွေးလာစေပြီး (Climate Change)ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပွားလာနေသည့်နည်းအတူ ကမ္ဘာကြီး၏ အိုဇုန်းလွှာပျက်စီးခြင်းကြောင့် ခရမ်းလွန်ရောင်ခြည်များ ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်လာပါကလည်း ကမ္ဘာကြီးပူနွေးလာမှုအား ပိုမိုဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာကြီးအပူချိန်မျှတအောင် ထိန်းသိမ်းထားမှုသည် ကမ္ဘာ့အိုဇုန်းလွှာပျက်စီးမှုအား ကာကွယ်ရန်အတွက် ကမ္ဘာ့လူသားတိုင်းအပေါ် များစွာမူတည်နေပါသည်။ ၎င်းအပြင် ယနေ့ကမ္ဘာမြေကြီး၏ ဖြစ်ပေါ်နေသော ပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်မှုများ(Environmental Concerns) အနက် ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှု(Global Warming and Climate Change)အား အထောက်အပံ့ဖြစ်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတစ်ရပ်ဖြစ်သည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ထားသော ကမ္ဘာ့အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ ထုတ်လွှတ်မှုကို ထိန်းချုပ်ရန်အတွက် ယင်းဒြပ်ပစ္စည်းများထုတ်လုပ်မှု(Production)နှင့် သုံးစွဲမှု(Consumption)တို့ကို လျှော့ချရပ်ဆိုင်းရေးဆိုင်ရာ ကာကွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း၏ အမှတ်တရနေ့ဖြစ်သည့် စက်တင်ဘာလ ၁၆ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (International Day for the Preservation of the Ozone Layer) နေ့ဟု သတ်မှတ်ခဲ့ရာ ၎င်းနေ့အား ကြိုဆိုလျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် လက်ရှိအိုဇုန်းလွှာပျက်စီးမှု ထိန်းသိမ်းကာကွယ်သည့် လုပ်ငန်းများအား သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ဆက်လက်ထိန်းသိမ်းသွား ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း စုစည်းလေ့လာတင်ပြလိုက်ရပါသည်။ ။

လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် စက်တင်ဘာ ၄ ရက်က ဆယ်ကျော်သက်နှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပရာ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများအား တိုင်းကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောရီက ဟောပြောစဉ်။ (ပညာရေး)

ရွှေခါးပတ် ချန်ပီယံဆု

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မစ်ဒယ်အထက်(အလွတ်တန်း) ပြိုင်ပွဲတွင် စောငမန်း (Ever Green) အား ရွှေခါးပတ် ချန်ပီယံဆု ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

✻ ကျော်ဖုံးမှ

Calsome 2009 ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲကြီး နောက်ဆုံးခါးပတ်လုပွဲစဉ်များကို ၂၀၀၉ ခုနှစ် စက်တင်ဘာ ၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပခဲ့သည်။ ၎င်းပြိုင်ပွဲမှ ဝိတ်တန်းအလိုက် ရွှေခါးပတ်ချန်ပီယံ ကိုးဦးပေါ်ထွက်ခဲ့ပြီး တောင်ကလေးရိုးရာလက်ဝှေ့အဖွဲ့က ရွှေခါးပတ်ချန်ပီယံ သုံးဦး၊ ငွေတံဆိပ်ရှင်နှစ်ဦးဖြင့် တံခွန်စိုက်ချန်ပီယံ အသင်းဆုဖလား ရရှိသွားသည်။

ပရိသတ်များပြား

ယနေ့ပွဲက နောက်ဆုံးဗိုလ်လုပွဲဖြစ်၍ ပြီးခဲ့သည့် ပွဲစဉ်များထက် ပရိသတ် အင်အားများပြားသည်။ ပြိုင်ပွဲစီစဉ်သူကလည်း ဗိုလ်လုပွဲနှင့်လျော်ညီစွာလျှောက်လမ်းများ၊ Fire Gun များ၊ အချီပြဆိုင်းဘုတ်ကိုင် မော်ဒယ်များ၊ ဆလိုက်မီးမောင်းများအသုံးပြုကာ ခမ်းခမ်းနားနား စီစဉ်ခဲ့သည်။

လိုက်ဖလိုင်းဝိတ်တန်းတွင် မိုးသီး (တောင်ကလေး)နှင့် သားကချင်(ဘိလပ်မြေစက်ရုံ-၁)တို့ယှဉ်ပြိုင်ကြသည်။ ဝါရင့်

မြန်မာပြည် ချန်ပီယံ လုံးချောအား အနိုင်ရရှိသွားသော စောငမန်း (ဘားအံ) ဆုယူအပြီး အောင်ပွဲခံနေစဉ်။ (မြန်မာ့အလင်း)

မိုးသီးက ဘယ်ထောက် ညာဖြောင့်လက်သီးများဖြင့် အာရုံပေးပြီး ညာခြေရှေ့တည်ကာ လျှပ်တစ်ပြက် ဘယ်ဒူးပစ်သည်။ ဘယ်ခြေရှေ့ခင်းထားသော သားကချင်၏ ရင်ဝနှင့် မိုးသီး၏ဒူးစွပ်မိကာ ဒုတိယအချီ ၁မိနစ် ၅၆စက္ကန့်တွင် ပြန်မထနိုင်တော့ပေ။ မိုးသီးသည် ရွှေခါးပတ်ချန်ပီယံဘွဲ့ကို ယခုသုံးကြိမ်မြောက် ပြိုင်ပွဲတွင် ပြတ်ပြတ်သားသား ခံယူသွားနိုင်သည်။

ပွဲသိမ်းအနိုင်ယူ

ဖလိုင်းဝိတ်တန်းတွင် ဉာဏ်လင်းအောင် (ဘိလပ်မြေစက်ရုံ-၂) ထိုးလုံးသတ်ပေါက်မညံ့လှသော်လည်း ကြိုးဝိုင်းသမ္ဘာရင့်သည့် စကြာမင်း(ရွှေကုက္ကို)၏ ပညာနှင့် ပါဝါကိုမယှဉ်နိုင်ပေ။ လူချင်းအပူးတွင် ခြေချိတ်လှဲ၍ ခေါင်းဖြင့်မှေးဆတ်သော စကြာမင်း၏ ကပ်ဖိသတ်ကွက်ကြောင့် မူးဝေကာ အမှတ်စဉ်အရေခံရသည်။ ထိုဖြစ်စဉ်က ဒုတိယအချီအစပိုင်းတွင်ဖြစ်သောကြောင့် စကြာမင်းက ဉာဏ်လင်းအောင်ကို ခံစစ်ပြန်တည်ခွင့်မပေးဘဲ လက်သီးတွဲများ၊ ခြေကန်ချက်များဖြင့် ဖိလိုက်သည်။ မူးဝေထားသော ဉာဏ်လင်းအောင်မှာ ရှောင်တိမ်းရင်း တန်ပြန်လက်သီးများ၊ ဒူးများဖြင့် ဟန့်သော်လည်း ဒုတိယအချီ ၂ မိနစ် ၅၉ စက္ကန့်တွင် စကြာမင်းက အမိအရဝင်ချုပ်၍ ဘယ်၊ ညာဒူးနှစ်ဆင့်တိုက်ကာ ပွဲသိမ်းအနိုင်ယူလိုက်သည်။

ခံယူသွားနိုင်

ဘင်တန်ဝိတ်တန်းတွင် ဆက်ထူးအောင် (တောင်ကလေး)နှင့် စိုးမိုးဟိန်း (မျိုးဆက်သစ်)တို့ယှဉ်ကြသည်။ ပထမအချီ၌ပင် ဆက်ထူးအောင်အဝင်၌ စိုးမိုးဟိန်းက ဘယ်တံတောင်ဖြင့်ဆီးဆို့လိုက်ရာ ဆက်ထူးအောင် အမူးသိုင်းကွက်နင်း၍ လဲကျပြီး အမှတ်စဉ်အရေခံရသည်။ ဆက်ထူးအောင်က မာဂုဏ်အားကိုးဖြင့် ဒေါင်ဗလာဒူးများ၊ ညာပတ်ခြေကန်ချက်များ သုံးသည်။ ပါးနပ်သောစိုးမိုးဟိန်းက အပိုင်မထိအောင် သတိနှင့်ရှောင်ရင်း သူ၏ဖေးဘရိတ်ဘယ်ဖြောင့်လက်သီးကို သုံးသည်။ သို့ဖြင့် တတိယအချီ ၂မိနစ် ၅၉စက္ကန့်တွင် ဆက်ထူးအောင်က ဒူးတိုက်ရန် ဟန်အပြင် စိုးမိုးဟိန်းက အားပါသော ဘယ်ဖြောင့်ကို အရှိုက်ထဲသို့ ပစ်ထိုးလိုက်ရာ ဆက်ထူးအောင် ပြန်မထနိုင်တော့ပေ။ ၂၀၀၇ပြိုင်ပွဲတွင် လိုက်ဖလိုင်း ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံဖြစ်ခဲ့သော စိုးမိုးဟိန်းက ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ ဘွဲ့ခံယူသွားနိုင်ပြီဖြစ်သည်။

မဟန့်တားနိုင်

ဖယ်သာဝိတ်တန်းတွင် ဝါရင့်လက်ဝှေ့ကျော် သူ့ထက်နိုင် (တောင်ကလေး)က အမေ့သား(ရွှေကုက္ကို)ကို တတိယအချီ ၂မိနစ် ၂၇စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ယူသွားသည်။ ပထမအချီတွင် အမေ့သားက သူတင်ကိုယ်တင်ယှဉ်သေးသော်လည်း ဒုတိယအချီ၌ သူ့ထက်နိုင်၏ ညာအတွင်းခတ်ကန်ချက်ကြောင့် အမေ့သားဒူးအတွင်းထိကာ ထိုင်ကျပြီး အမှတ်စဉ်အရေခံရသည်။ ထို့နောက် သူ့ထက်နိုင်က အမေ့သား၏ အားနည်းချက်ကို အမိကထား၍ အပြင်ခတ် အတွင်းခတ် ကန်ချက်များသုံးသည်။ အမေ့သားက ခြေထောက်ကိုအာရုံထားနေလျှင် လက်သီးတွဲဖြင့်ဝင်သည်။ အမေ့သား၏ နင်းခြေ၊ တားခြေများက သူ့ထက်နိုင်ကို ကြာကြာမဟန့်တားနိုင်တော့ဘဲ နောက်ဆုံးတွင်ဝင်ကပ်၍ ခါးချုပ်ကိုင်ပေါက်ပွဲသိမ်းခြင်း ခံလိုက်ရသည်။

အနိုင်ပေးလိုက်

လိုက်ဝိတ်တန်းတွင် ရွှေခါးပတ် သုံးထပ်ကွမ်းချန်ပီယံ ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)နှင့် စစ်သွေး(ဘိလပ်မြေစက်ရုံ-၁)တို့ယှဉ်ကြရာ ကြိုးဝိုင်းဝါရင့်မှုချင်းသာမက အလုံးအရပ်နှင့်ထိုးချက်ကန်ချက်ပါဝါချင်းပါကွာလွန်းသောကြောင့် စစ်သွေး သတ်ကွက်မဖော်နိုင်ဘဲ မကြာခဏလဲကျနေသဖြင့် ပထမအချီ ၁မိနစ် ၂၃စက္ကန့်တွင်ကြိုးဝိုင်းဒိုင် ဦးမြင့်ဝေ (မြိတ်)က ဒိုင်ပွဲရပ်၍ ဝင်းထွန်းကို အနိုင်ပေးလိုက်သည်။ လေးထပ်ကွမ်းရွှေခါးပတ် ချန်ပီယံဖြစ်သွားသော ဝင်းထွန်းသည် ယခု လိုက်ဝိတ်တန်း၌ပင် ခါးပတ်နှစ်ခုရှိသွားပြီ ဖြစ်သည်။

အရှုံးပေးလိုက်ရ

လိုက်ဝယ်လ် တာဝိတ်တန်း၌ ခါးပတ်ယှဉ်လုကြသော အောင်ဇေယျ(ဘိလပ်မြေစက်ရုံ-၁)နှင့် ရန်ဆက်နိုင်(တောင်ကလေး) တို့ တွဲဆိုင်းက ပရိသတ်များ အသည်းတယားယားဖြစ်လောက်အောင် ယှဉ်ကြပြီးမှ ပဉ္စမအချီ ၃၅ စက္ကန့်တွင် အောင်ဇေယျ အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ ပထမအချီတွင် အောင်ဇေယျ၏ ညာဖြောင့်တစ်ချက် ဒက်မိကာ အမှတ်အရေခံလိုက်ရသော ရန်ဆက်နိုင်ကို မကြာခင်ပွဲသိမ်းနိုင်လိမ့်မည်ထင်သော်လည်း မာဂုဏ်မြင့်သော ရန်ဆက်နိုင်က အားပါသောညာဖြောင့်များ၊ ဘယ်ပင့် ဒူးများ၊ ညာမွဲရိုးကန်ချက်များဖြင့် တုံ့ပြန်သောကြောင့် အောင်ဇေယျပင် အားပျော့လာသည်။ အောင်ဇေယျ၏ အားပါသော ထောက်လက်သီးများထိရှနေသည့်ကြားမှပင် ရန်ဆက်နိုင်က နောက်မတွန့်စတမ်း ပွဲကြမ်းသည့်အတွက် လက်သီးချင်း၊ တံတောင်ချင်း အသွားအပြန် ဖလှယ်မိကြပြီး တတိယနှင့် စတုတ္ထအချီများသည် သူကျလုလု ကိုယ်ကျလုလု ဖြစ်နေသောကြောင့် ပရိသတ်ရင်တမမရှိခဲ့ရသည်။ သို့ရာတွင် ထိချက်များသော ရန်ဆက်နိုင် မခံနိုင်တော့ဘဲ ပွဲသိမ်းဒူး တစ်ချက်ဖြင့် အရှုံးပေးလိုက်ရသည်။

ဝယ်လ်တာဝိတ်တန်းတွင် ကြယ်လင်းအောင်(တောင်ကလေး)၏ မာဂုဏ်နှင့် သမ္ဘာကို ရွှေမင်းရာဇာ(ဘိလပ်မြေစက်ရုံ-၁) မယှဉ်နိုင်ဘဲ ပထမအချီ ၂မိနစ် ၂၆စက္ကန့်တွင် အလဲထိုးခံလိုက်ရသည်။

ချန်ပီယံဖြစ်သွား

လိုက်မစ်ဒယ်ဝိတ်တန်းတွင် ဇော်ဖိုးကေ(မန္တလေး)ကို ရန်ကြီးအောင်(မြို့တော်စည်ပင်)က အမှတ်ပြတ်(၅-၀)ဖြင့် အနိုင်ရရှိသွားသည်။ ကွာတားနှင့် ဆီမီးဖိုင်နယ်ပွဲများတွင် ပြိုင်ဘက်များကို အလဲထိုး၍ ဗိုလ်လုပွဲတက်လာသော ဇော်ဖိုးကေက သူအားကိုးသော ဘယ်ညာဝိုက်တွဲဖြင့် ပွဲသိမ်းရန် ကြံသော်လည်း သမ္ဘာရင့်သည့် ရန်ကြီးအောင်က ဘယ်ဝိုက်ကို နောက်လှန်ရှောင်၊ ညာဝိုက်ကို ငုံ့ရှောင်လျက် အတွင်းဝင်ဖက်ထားပြီး ကပ်ရိုက်ဒူးများဖြင့် အမှတ်နိုက်ယူသည်။ ဖိုးကေ၏ ရိုးစင်းသောလက်သီး လမ်းကြောင်းကို မှန်းဆကာ ရန်ကြီးအောင်က အထိမနာအောင် ခိုကပ်ရင်း ရသလောက် ဒူးတိုက်ခြင်း၊ ဖိုးကေက တိုက်စစ်ဖွင့်ရန် အကဲကြည့်နေစဉ် လျှပ်တစ်ပြက် ဘယ်ထောက် လက်သီးထိုးခြင်း၊ အခွင့်သာလျှင်ညာတွဲလုံး လိုက်ခြင်းတို့ဖြင့် အမှတ်ကဲ့ယူသည်။ ရန်ကြီးအောင် ငုံ့ဝင်မှန်းသိသော ဖိုးကေက တတိယအချီတွင် ဘယ်ဝိုက်ကို နှိမ့်ဆွဲရာ ချိတ်မိသွားပြီး ရန်ကြီးအောင် ထိုင်ကျသွားသေးသည်။ မိမိရရမထိသဖြင့် အမှတ်စဉ်ပင် အရေမခံရပေ။ အမှတ်နိမ့်နေပြီကို ရိပ်မိသော ဖိုးကေပွဲဖြတ်ရန် လက်သီးတွဲလုံး နောက်တွင် ပြင်းထန်သော ခြေကန်ချက်များဖြင့်လိုက်ဖိရာ ရန်ကြီးအောင်အလူးအလဲရှောင်တိမ်းခဲ့ရပြီး ကြိုးဝိုင်းထောင့် ပိတ်မိကာ လဲကျခဲ့သေးသည်။ သို့ရာတွင် သတ်လုံးမစုံသော ဖိုးကေမှာ ရန်ကြီးအောင်ကို အပိုင်ထိုးရန် ကြိုးစားရင်း အမှတ်ပျောက်သွားသဖြင့် ဒိုင်ငါးဦးစလုံးက ရန်ကြီးအောင်ကို အနိုင်ပေးလိုက်ကြသည်။ ၂၀၀၇ မစ်ဒယ်ဝိတ်တန်း ချန်ပီယံဖြစ်ခဲ့သော ရန်ကြီးအောင်က ထပ်ဆင့်ရွှေခါးပတ် ချန်ပီယံဖြစ်သွားသည်။

လိုက်မစ်ဒယ်ဝိတ်တန်းပြိုင်ပွဲတွင် ရန်ကြီးအောင် (မြို့တော်စည်ပင်)၏ ညာဒူးတိုက်ချက်က ဇော်ဖိုးကေ (မန္တလေး)ခေါင်းကို ဤသို့ ထိမိခဲ့သည်။ (မြန်မာ့အလင်း)

စိန်ခေါ်သူ

မစ်ဒယ်အထက် (အလွတ်တန်း)တွင် ထပ်ဆင့် ရွှေခါးပတ်ချန်ပီယံ လုံးချော(ညောင်တုန်း)နှင့် စောငမန်း(Ever Green) တို့ယှဉ်ကြရာ စောငမန်းက အလွတ်တန်း ဒဂုံရွှေအောင်လံပွဲ ဆီမီးဖိုင်နယ်တွင် အနိုင်ယူခဲ့ဖူးသော ထိုးလုံးသတ်ကွက်များဖြင့်ပင် လုံးချောထံမှ အမှတ်နိုက်ယူကာ ရွှေခါးပတ် ချန်ပီယံဘွဲ့ခံယူသွားသည်။ သို့ဖြစ်၍ လက်ရှိရိုးရာလက်ဝှေ့လောက၏ အမြင့်ဆုံး ပြိုင်ပွဲကြီးနှစ်ရပ် (ဒဂုံရွှေအောင်လံပွဲနှင့် ရွှေခါးပတ်ချန်ပီယံပွဲ) တို့တွင် ချန်ပီယံဖြစ်သော စောငမန်းက ပထမတန်းချန်ပီယံ (မြန်မာပြည်ချန်ပီယံ) ဖြစ်သွားပြီး လုံးချောက စိန်ခေါ်သူအဆင့်သို့ လျော့ကျသွားသည်။

ချီးမြှင့်ပေး

ယနေ့ပွဲစဉ်၌ ရွှေခါးပတ်နှင့် ဒုတိယငွေတံဆိပ်ဆုများကို အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ MDG Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်း၊ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမြင့်စိုးနှင့် ဒေါက်တာခင်မောင်ထွန်းတို့က ချီးမြှင့်ကြသည်။ ပြိုင်ပွဲဝင် လက်ဝှေ့သမားများနှင့် ဒိုင်အဖွဲ့များကို ကယ်လ်ဆမ်ကွေကာနှင့် ထက်လင်းတိုင်းရင်းဆေးဝါးတို့က ပွဲစဉ်အလိုက် ဆုတော်ငွေများ ချီးမြှင့်ပေးခဲ့ကြပါကြောင်း။ ။

(မြန်မာ့အလင်း)

ဖိအားတွေအောက်က ရုန်းထွက်ပြခဲ့တဲ့ မကွေး F.C အပိုင်အခွင့်အရေးများ အသုံးမချနိုင်ခဲ့လို့ တတိယမြောက်အရှုံးနဲ့ရင်ဆိုင်ခဲ့ရတဲ့ ရန်ကုန်ယူနိုက်တက်အသင်း

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင် ✦ စာမျက်နှာဖွဲ့စည်းမှု - ညဏ်ဖြိုး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၀

MNL Grand Royal 2009 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်များကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်းမှာ ဆက်လက်ကျင်းပရာ မကွေးF.C က ရန်ကုန်ယူနိုက်တက် အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။

မကွေး F.C - တစ်ဂိုး
ရန်ကုန်ယူနိုက်တက် - ဂိုးမရှိ

သုံးပွဲစီကစားအပြီးမှာ ရလဒ်တွေမကောင်းတဲ့ အသင်းနှစ်သင်း တွေ့ဆုံကြတာဖြစ်ပြီး နိုင်ပွဲရရှိရေးအတွက် ကြိုးစားကစားခဲ့ကြပါတယ်။ မန္တလေးမြို့မှာ သွားရောက်ကစားခဲ့ရတဲ့ အထက်မြန်မာပြည်အသင်းအချင်းချင်း တွေ့ဆုံကြတဲ့ ပွဲစဉ်တွေမှာ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ နိုင်ပွဲပျောက်နေတဲ့ မကွေး F.C ကတော့ အခုပွဲမှာ ဖိအားတွေ အောက်ကနေ ရုန်းထွက်ပြနိုင်ခဲ့ပါတယ်။ မကွေး F.Cဟာ ကွင်းလယ်လူ ဇော်ထက်အောင်ရဲ့ တစ်လုံးတည်းသော အနိုင်ဂိုးနဲ့ ပထမဦးဆုံးနိုင်ပွဲကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ရန်ကုန်ယူနိုက်တက် အသင်းကတော့ အပြန်အလှန်ကစားနိုင်ခဲ့ပေမယ့် အဆုံးသတ်အားနည်းမှုကြောင့် နိုင်ပွဲနဲ့ ဝေးခဲ့ရပြန်ပါတယ်။ လေးပွဲကစားအပြီးမှာ တစ်ပွဲနိုင်ပြီး သုံးပွဲရှုံးနိမ့်ခဲ့တာကြောင့် လာမယ့်ပွဲတွေကို ရုန်းကန်ရတော့မှာ ဖြစ်ပါတယ်။

အောင်မြင့်အေး

မကွေး F.Cရဲ့ အခုပွဲ အနိုင်ရလဒ်အတွက် အရေးပါခဲ့သူကတော့ ဒဏ်ရာကနေ ပြန်ကောင်းလာတဲ့ အောင်မြင့်အေးပဲ ဖြစ်ပါတယ်။ အောင်မြင့်အေးဟာ ဧယျာရွှေမြေနဲ့ အဖွင့်ပွဲစဉ်မှာ ခြေချင်းဝတ်ဒဏ်ရာရပြီး နောက်ပိုင်းပွဲစဉ်တွေကို လွဲချော်ခဲ့သူဖြစ်ပါတယ်။ အောင်မြင့်အေးဟာ အခုပွဲမှာ ကိုယ်တိုင်ဂိုးမသွင်းနိုင်ပေမယ့် ရန်ကုန်ယူနိုက်တက်နောက်တန်းတို့ အခက်တွေ့အောင် လုပ်နိုင်ခဲ့ပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းဟာ နိုင်ပွဲပြန်ရဖို့ကြိုးစားခဲ့ပေမယ့် လစာငွေမြင့်မားစွာပေးပြီး အသစ်ခေါ်ယူထားတဲ့ နိုင်ငံခြားသား ကစားသမားတွေကတော့ ခြေစွမ်းပြကစားနိုင်ခြင်း မရှိခဲ့တဲ့အပြင် အပိုင်ဂိုးသွင်းခွင့်တွေကိုလည်း လွဲချော်ခဲ့ပါတယ်။ နှစ်သင်းစလုံးအတွက် အရေးကြီးတဲ့ပွဲဖြစ်လို့ ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့ကြပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းဟာ ဘန်ယိုလက်နဲ့ ဘမ်ဘာတို့ကို တိုက်စစ်မှာ တွဲထားခဲ့ပေမယ့် အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့ကြပါဘူး။

ကြိုးစား

မကွေး F.C ကတော့ အရူနာနဲ့ ခိုင်ဇော်ထွန်းတို့အတွဲကို တိုက်စစ်မှာ တင်ပြီး အောင်မြင့်အေးနဲ့ ပြည့်ဖြိုးဦးတို့ရဲ့ တောင်ပံတွေက ဂိုးရဖို့ ကြိုးစားခဲ့ပါတယ်။ ပွဲအစ ၁၀မိနစ်မှာ အရူနာ အပိုင်ကန်ခွင့်ရပေမယ့် လွဲချော်ခဲ့လို့ မကွေးF.C နစ်နာခဲ့ရပါတယ်။ ဒုတိယပိုင်းမှာတော့ မကွေး F.Cအသင်းဟာ ဂိုးရဖို့ တိုက်စစ်အား ထပ်တင်ခဲ့ပါတယ်။ ၅၆မိနစ်မှာ မကွေးF.C ရဲ့ အနိုင်ဂိုးကို ဇော်ထက်အောင်က အဝေးကနေ ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။ မကွေး F.C ဂိုးရပြီး နှစ်မိနစ်အကြာမှာ ဂိုးထပ်ရဖို့ အခွင့်အရေး ရခဲ့ပေမယ့် တိုက်စစ်မှူး အရူနာရဲ့ ခေါင်းတိုက်ချက်ကို ရန်ကုန် နောက်ခံလူ ရန်အောင်ကျော်က ဂိုးစည်းပေါ်ကနေ ရှင်းထုတ်နိုင်ခဲ့ပါတယ်။

ရန်ကုန်အရှုံး

ဂိုးပေးလိုက်ရလို့ ရန်ကုန်ယူနိုက်တက်အသင်း တိုက်စစ်ကို ဖွင့်ကစားခဲ့ပါတယ်။ နေရာစုံကနေ ဂိုးရဖို့ ကြိုးစားခဲ့ပေမယ့် တိုက်စစ်မှူးတွေ ဂိုးပေါက်ပျောက်ခဲ့တာကတော့ ရန်ကုန်ယူနိုက်တက်ကို ချေပဂိုးနဲ့ ဝေးသွားစေခဲ့ပါတယ်။ ၆၄မိနစ်မှာ ကျော်သူရရဲ့ အပိုင်ကန်ချက် ဘေးထွက်ခဲ့သလို ၆၆မိနစ်မှာ တိုက်စစ်မှူး ဘမ်ဘာ အနီးကပ် ပိတ်ခွင့်ရပေမယ့် လွဲချော်ခဲ့ပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်း အရှုံးဂိုး ချေပနိုင်ဖို့ ကြိုးစားခဲ့ပေမယ့် တိုက်စစ်မှူး ဘမ်ဘာ ဂိုးရနိုင်တဲ့ အပိုင်အခွင့်အရေးနှစ်ကြိမ်ကို အသုံးမချနိုင်ခဲ့လို့ ရန်ကုန်ယူနိုက်တက်အသင်း တတိယမြောက်အရှုံးပွဲနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ။

သုဝဏ္ဏကွင်း၌ ရန်ကုန်ယူနိုက်တက်နှင့် မကွေး F.C ပွဲစဉ်ကို တစ်ခဲနက်ကြည့်ရှုအားပေးကြသော ဝါသနာအိုး ပရိသတ်များ။ (မြန်မာ့အလင်း)

ခေါင်းတိုက် ဂိုးသွင်းရန်ကြိုးစား

မကွေးတိုက်စစ်မှူး အရူနာ ရန်ကုန်ယူနိုက်တက် နောက်ခံလူများနှင့်အပြိုင် ခေါင်းတိုက်ဂိုးသွင်းရန်ကြိုးစားခဲ့စဉ်။

(မြန်မာ့အလင်း)

၂၃-၉-၂၀၀၉
ဗထူးကွင်း
ရတနာပုံ
နှင့်
ဒယ်လ်တာယူနိုက်တက်။

(မြန်မာ့အလင်း)

အိုဝင်၏ ပွဲသိမ်းဂိုးဖြင့် မန်ယူ သုံးမှတ်ရခဲ့ ချယ်လ်ဆီး နိုင်ပွဲဆက် စံချိန်တင်နိုင်ဆဲ

ဖောင်ပိတ် အားကစားသတင်း - မြင့်မောင်စိုး

လန်ဒန် စက်တင်ဘာ ၂၀

ပရီမီယာလိဂ်ပွဲစဉ်(၆) လက်ကျန်ပွဲစဉ်များကို စက်တင်ဘာ၂၀ရက် ညနေက ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရာ မိုက်ကယ်အိုဝင်၏ ပွဲသိမ်းဂိုးဖြင့် မန်ယူက မန်စီးတီးကို အနိုင်ရခဲ့သည်။

ပြိုင်ပွဲစပြီး တစ်မိနစ်အကြာ ပတ်ဂျီဆန်က ဂါးရက်ဘာရီအား ကြမ်းတမ်းစွာကစား၍ ဝိန်းဘရစ် ပြစ်ဒဏ်ဘောကန်သည်။ ယင်းနောက် မန်ယူတိုက်စစ်မှူးရွန်နေဘောလုံးရသွားပြီး ကန်သွင်းခဲ့ရာ ဂိုးဝင်သဖြင့် မန်ယူတို့ ပွဲစပြီး နှစ်မိနစ်၌ပင် အဖွင့်ဂိုး သွင်းယူခဲ့သည်။ မန်စီးတီးတို့ ချေပဂိုးသွင်းနိုင်ရေး ပြန်လည်ထိုးဖောက်ကစားခဲ့ရာ ဂါးရက်ဘာရီ ပယ်နယ်တီ ဧရိယာအစပ်မှ ကန်သွင်းရာ မန်ယူဂိုးပေါက်ဝဲအောက်ထောင့်ထဲသို့ လှလှပပ ဂိုးဝင်သွားခဲ့သည်။ ပွဲချိန် မိနစ် ၂၀နောက်ပိုင်း အပြန်အလှန် ခပ်ကြမ်းကြမ်းကစားလာပြီး အနိုင်ဂိုးမသွင်းနိုင်ဘဲ ပထမပိုင်းပြီးခဲ့သည်။

ဒုတိယပိုင်း ပြန်စသည်နှင့် မန်ယူက တိုက်စစ်အရှိန်မြှင့်ကစားရာ ၄၉မိနစ်တွင် ရိုင်ယန်ဂစ် ဖြတ်တင်ပေးလိုက်သော ဘောလုံးကို ဖလက်ချာ ခြောက်ကိုက်အကွာမှ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် မန်ယူက ဒုတိယမြောက်ဂိုး ရရှိခဲ့သည်။ ယင်းနောက် ရိုင်ယန်ဂစ် ကန်တင်သည့်ဘောလုံး ဂစ်ဗင်း ဖြတ်တား၍ ကန်တင်ပေးလိုက်ရာ ဘယ်လာမီ ဘောလုံးရသွားပြီး ကန်သွင်းခဲ့သဖြင့် မန်စီးတီးတို့ ဒုတိယမြောက်ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၆၁မိနစ်နောက်ပိုင်း ပတ်ဂျီဆန်အစား ဗလင်စီယာ၊ ဘာဘာတော့ဖ်အစား မိုက်ကယ်အိုဝင်၊ အန်ဒါဆင်အစား ကာရစ်တို့ ဝင်ကစားခဲ့သည်။

မန်ယူနှင့် မန်စီးတီးတို့ဆုံတွေ့ခဲ့သည့် ဤပြိုင်ပွဲ၌ ပရိသတ်များအကြိုက်ဖြစ်ခဲ့သလို ပြိုင်ပွဲမှာလည်း ပွဲပြီးသည်အထိ အကြိတ်အနယ်ရှိလှသည်။ ပွဲချိန်မိနစ် ၈၀တွင် ဖလက်ချာက တတိယမြောက်ဂိုးကို ခေါင်းတိုက်သွင်းယူခဲ့ပြန်သည်။ ပွဲချိန် ၈၉မိနစ်တွင် အိုရေး တည်ကန်ဘော ကန်ယူပြီး ဘယ်လာမီ ဘောလုံးရသွားကာ သွင်းယူနိုင်ခဲ့၍ မန်စီးတီး တတိယမြောက်ချေပဂိုး သွင်းယူနိုင်ခဲ့သည်။ တစ်ဖက်သုံးဂိုးစီသရေဖြစ်နေချိန် ဒိုင်လူကြီးက လေလွင့်ချိန်ခြောက်မိနစ်ပေးခဲ့သည်။ ယင်းအချိန်အတွင်းမှာပင် တိုက်စစ်မှူး မိုက်ကယ်အိုဝင်က ပွဲသိမ်းအနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့၍ နည်းပြဖာဂူဆန်၏ လေးပွဲဆက်တိုက်အနိုင်ရလိုမှုဆန္ဒကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

မန်စီးတီး နောက်တန်းလူများကြားမှ မန်ယူမှ ဖလက်ချာ ဤသို့ ခေါင်းတိုက်ဂိုးသွင်းယူခဲ့သည်။ (ဓာတ်ပုံအင်တာနက်)

ချယ်လ်ဆီးနိုင်ပွဲဆက်ဆဲ

စတမ်းဖို့ဒ်ဘရစ်၌ ချယ်လ်ဆီးက စပါးကို သုံးဂိုးပြတ်ဖြင့် နိုင်ခဲ့၍ ချယ်လ်ဆီးတို့ ခြောက်ပွဲဆက်တိုက် အနိုင်ရခဲ့သည်။ စပါးတို့ အဝေးကွင်းကစားရသော်လည်း ချယ်လ်ဆီးနောက်တန်းကို ဦးစွာထိုးဖောက်ကစားခဲ့သည်။ ပွဲချိန် ၃၁မိနစ်တွင် ဒရော့ဘာ တင်ပေးလိုက်သော ဘောလုံးမှတစ်ဆင့် အက်ရှ်လေကိုးလ် ခေါင်းတိုက်သွင်းယူခဲ့သည်။

ဒုတိယပိုင်း ပြန်စပြီး ၁၅မိနစ်အကြာတွင် ချယ်လ်ဆီး ကစားကွက်မြိုင်လာသည်။ အနယ်လ်ကာ ဖြတ်တင်ပေးသော ဘောလုံးကို ဒရော့ဘာ ရသွားပြီး ကန်သွင်းရာ ကူဒီစီနီ ဖျက်ထုတ်ခဲ့သည်။ ယင်းဘောလုံးကို မိုက်ကယ်ဘောလက် ရသွားပြီး ကန်သွင်းရာ ဂိုးဝင်သွားသဖြင့် ချယ်လ်ဆီးတို့ ဒုတိယအနိုင်ဂိုး ရခဲ့သည်။ ပွဲချိန်၆၁မိနစ်တွင် ဘောလက်အစား မီခေးလ် ဝင်ကစားသည်။ ပွဲချိန်၆၂မိနစ်တွင် ဒရော့ဘာ အနီးကပ်ကန်သွင်းခွင့်ရခဲ့သဖြင့် ချယ်လ်ဆီးက သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ အခြားပွဲစဉ်များ၌ အဲဗာတန်က ဘလက်ဘန်းကို သုံးဂိုးပြတ်၊ ဝူလ်ဗာဟမ်တန်က ဖူလ်ဟမ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ။ **ကိုးကား-အင်တာနက်**

ပွဲစဉ်(၆)အပြီး ပရီမီယာလိဂ် အသင်းများရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ချယ်လ်ဆီး	၆	၆	-	-	၁၈
၂	မန်ယူ	၆	၅	-	၁	၁၅
၃	လီဗာပူး	၆	၄	-	၂	၁၂
၄	ဗီလာ	၅	၄	-	၁	၁၂
၅	စပါး	၆	၄	-	၂	၁၂
၆	မန်စီးတီး	၅	၄	-	၁	၁၂
၇	အာဆင်နယ်	၅	၃	-	၂	၉
၈	ဆန်းဒါးလန်း	၆	၃	-	၃	၉
၉	ဘန်လေ	၆	၃	-	၃	၉
၁၀	စတုတ်စီးတီး	၆	၂	၂	၂	၈
၁၁	ဘာမင်ဂမ်	၆	၂	၁	၃	၇
၁၂	ဝူလ်ဗာဟမ်တန်	၆	၂	၁	၃	၇
၁၃	အဲဗာတန်	၅	၂	-	၃	၆
၁၄	ဖူလ်ဟမ်	၅	၂	-	၃	၆
၁၅	ဝီဂန်	၆	၂	-	၄	၆
၁၆	ဝက်စ်ဟမ်း	၅	၁	၁	၃	၄
၁၇	ဘော်လ်တန်	၅	၁	၁	၃	၄
၁၈	ဘလက်ဘန်း	၅	၁	၁	၃	၄
၁၉	ဟူးလ်စီးတီး	၆	၁	၁	၄	၄
၂၀	ပို့စ်မောက်	၆	-	-	၆	၀

တိုင်းရင်းဆေးကုဌာနခွဲ ကျုံမငေးတွင် ဖွင့်လှစ်

ကျုံမငေး စက်တင်ဘာ ၂၀

ဝါးခယ်မမြို့နယ် ကျုံမငေးတွင် တိုင်းရင်းဆေးကုဌာနခွဲဖွင့်ပွဲကို စက်တင်ဘာ ၆ရက် နံနက်၉နာရီကကျင်းပရာ ဝါးခယ်မမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်တင်တင်နုက ဆေးကုဌာနခွဲဖွင့်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝါးခယ်မမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မြောင်းမြခရိုင် ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်ခင်သိန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အာစရိယပူဇော်ပွဲ အလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၀

အဏ္ဏဝါသိပ္ပံ(အဏ္ဏဝါဇီဝ) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် ငွေလှူဒါန်းပွဲကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ရွှေကိန္နရီအိမ်ရာ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက အလှူငွေကျပ် ၁၅ သိန်းကို အသင်းဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးနေထွဋ်တင်နှင့် အတွင်းရေးမှူး ဦးထွန်းအေးတို့ထံ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်တိုဘာ ၁၇ ရက် (စနေနေ့) ညနေ ၄ နာရီတွင် M3 Food Centre၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးစိုးထွန်း ဖုန်း-၀၉-၅၃-၂၂၀၁၄၊ ဦးခင်မောင်ချို ဖုန်း-၀၉-၅၂-၀၁၃၄၀၊ ဒေါ်နန်းမြဟန် ဖုန်း-၀၅၉-၄၂၀၄၉၊ ဦးရဲမင်းထွန်း ဖုန်း-၀၉-၅၁-၆၃၃၅၁၊ ဒေါ်မြမြသိန်း ဖုန်း-၀၉-၅၀-၆၀၅၁၅၊ ဦးထွန်းအေး ဖုန်း-၅၁၄၉၀၄၊ ဒေါ်ခိုင်သီထွန်း ဖုန်း-၀၉-၅၁-၀၁၄၅၃၊ ဦးစိုင်းအုန်းမြင့် ဖုန်း-၀၉-၅၀-၃၄၁၀၆၊ ဦးစိုးလွင် ဖုန်း-၆၅၀၉၃၃၊ ဦးနေထွဋ်တင် ဖုန်း-၅၃၉၂၂၅၊ ဦးမြစိုး ဖုန်း-၅၈၅၃၀၃၊ ဦးသန့်ဇော်ဝင်း ဖုန်း-၀၉-၅၁-၀၇၃၇၅၊ ဒေါ်ချောချောစု ဖုန်း-၅၀၀၆၂၀နှင့် ဦးရဲမင်းဦး ဖုန်း-၀၉-၅၀-၅၈၃၁၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဒဂုံမြို့သစ် (အရှေ့ပိုင်း) တွင် ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး မြို့နယ်ကော်မတီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်က လူကုန်ကူးမှုဆိုင်ရာဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ကလေးသူငယ်အခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၀

ကြံခင်းမြို့နယ်၌ နှစ်စဉ်ကျင်းပသော စုပေါင်းလှူဒါန်းပွဲသို့ ရန်ကုန်ရောက် ကြံခင်းသူ ကြံခင်းသားများနှင့် အသင်းဝင်များစုပေါင်း၍ သွားရောက်လှူဒါန်းကြမည် ဖြစ်သည်။

ထွက်ခွာမည်

အလှူငွေထည့်ဝင်လိုသူများနှင့် လိုက်ပါလိုသူများသည် စက်တင်ဘာ ၂၅ရက် နောက်ဆုံးထား၍ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း)ဥက္ကဋ္ဌ ဖုန်း-၀၁-၆၃၆၇၈၀၊ ဦးစိန်ဌေး အတွင်းရေးမှူး ဖုန်း-၆၆၃၄၈၉၊ ၀၉-၅၁-၃၂၁၅၈၊ ဒေါ်တင်တင်ထွေး ဘဏ္ဍာရေးမှူး ဖုန်း-၀၁-၅၄၁၀၆၅ နှင့် ဒေါ်အေးအေးညွန့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဖုန်း-၆၄၆၅၇၁ တို့သို့ ဆက်သွယ်အကြောင်းကြားရမည်ဖြစ်ပြီး ကြံခင်းမြို့သို့ အောက်တိုဘာ ၁ရက်(ကြာသပတေးနေ့) ည၇နာရီတွင် အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်း ရှိ မကားဂိတ်မှ မော်တော်ယာဉ်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(၁၃၅)**

ကတ္တရာ ထပ်ပိုးလွှာခင်း

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သောရုံးကြီးလမ်း (ဇေယျာလမ်းဆုံမှ သုဓမ္မာလမ်းဆုံအထိ) ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းဆွေနှင့် အင်ဂျင်နီယာမှူး ဦးမြင့်အောင်တို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း
စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ပျက်စီးနေသောလမ်း ပြုပြင်ပေးစေလို

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၉)ရပ်ကွက်အတွင်းရှိ အမှတ် ၃၁(အစိမ်း) ဘတ်စ်ကားလိုင်းပြေးဆွဲသော မဟာဗန္ဓုလလမ်းသည် ပျက်စီးနေသည်မှာ ကြာနေပါပြီ။ ယခုအခါ ကားများသွားမရအောင်ဖြစ်နေပါ၍ ညနေ ၅နာရီကျော်လျှင် လိုင်းကားများ လမ်းအတွင်းသို့ မဝင်တော့သဖြင့် အများပြည်သူများ သွားလာရေး ခက်ခဲနေပါ၍ ပြုပြင်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

ဝန်ထမ်းတစ်ဦး

ပုသိမ်မြို့ အမှတ်(၂) ကျောက်ချောလမ်းမ ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

ပုသိမ်မြို့သို့ ကုန်တင်ယာဉ်ကြီးများ ဝင်ထွက်နိုင်ရန် သတ်မှတ်ထားခဲ့သော မြက်တိုဂွမှ မဟာစေတီလမ်းမကြီးတစ်လျှောက် လေးမိုင်ခန့်ရှိ အမှတ်(၂) ကျောက်ချောလမ်းမကြီးမှာ ရာသီဥတုဒဏ်နှင့် ကားအသွားအလာများခြင်းကြောင့် ချိုင့်ခွက်များဖြစ်ကာ ကုန်ကားများနှင့် ခရီးသွားပြည်သူများအတွက် သွားလာရေး အခက်အခဲဖြစ်နေပါ၍ အဆိုပါလမ်းမကို ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသွားတစ်ဦး

မိတ္ထီလာကန်တော်အတွင်း ရေဆိုးများဝင်နေ

စာတည်းရှင့်-

မိတ္ထီလာကန်တော်ကြီးမှ ရေများကို စည်ပင်သာယာရေးဦးစီးဌာနမှ အများပြည်သူ သောက်ရေ၊ သုံးရေအဖြစ် မြို့ပေါ်ရပ်ကွက်များသို့ ဖြန့်ဝေပေးလျက်ရှိရာ ယခုအခါ ၄င်းကန်အတွင်းသို့ နေရာငါးခုလောက်မှ ရေဆိုးများ ဝင်ရောက်လျက်ရှိသဖြင့် ကျန်းမာရေး ထိခိုက်နိုင်ပါသောကြောင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မိတ္ထီလာသူ

စားသောက်ဆိုင်မှရေပုပ်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ပြည်မြို့ ခေတ္တရာမြို့သစ် ဘုရင့်နောင်လမ်းနှင့် အနောက်မြို့ပတ်(၃)လမ်းထောင့်ရှိ စားသောက်ဆိုင်ကြီးတစ်ဆိုင်မှ လုပ်ငန်းသုံး ညစ်ညမ်းရေများကို မြို့ပတ်(၃)လမ်း စည်ပင်သာယာမြေပေါ်တွင် အုတ်ကန်ပြုလုပ်၍ စွန့်ပစ်နေခြင်းကြောင့် ပတ်ဝန်းကျင်မှ ပြည်သူများ ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ကားဘော်ဒီထုရိုက်သံ ပတ်ဝန်းကျင်ဆူညံ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်အဖျောက်မြို့ (၂)ရပ်ကွက် အနော်ရထာလမ်း အမက ကျောင်းအနီးရှိ အိမ်တစ်အိမ်တွင် ကားဘော်ဒီထုရိုက်ပြုပြင်ခြင်း၊ ဆေးမှုတ်ခြင်း လုပ်ကိုင်နေရာ ဆူညံသံများနှင့် ညှော်နံ့ဆိုးများကြောင့် သက်ကြီးရွယ်အိုများနှင့်ကလေးငယ်များ၏ ကျန်းမာရေးထိခိုက်နေပါသဖြင့် လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ကျူးကျော်ဆိုင်ခန်းများ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ပဲခူးတိုင်း ရေတာရှည်မြို့နယ် ရေနီမြို့သည် ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်တွင် တည်ရှိပြီး ယင်းလမ်းမကြီးဘေး ဝဲယာတစ်လျှောက်၌ ကျူးကျော်ဈေးဆိုင်ခန်းများ စည်းကမ်းမဲ့စွာ ဆောက်လုပ်မှုကြောင့် ယာဉ်လမ်းကြောင်းများ ကျဉ်းမြောင်းလာကာ ယာဉ်အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါကျူးကျော်ဆိုင်ခန်းများကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရေနီမြို့သား

ဟသ်ာတဘူတာတစ်ဝိုက် လမ်းပြုပြင်ပေးပါ

စာတည်းခင်ဗျား-

ဟသ်ာတဘူတာ အနောက်ဘက်ရှိလမ်းမှာ ကားကြီးများ ဝင်ရောက်မှုကြောင့် ပျက်စီးနေပြီး လမ်းသွားလမ်းလာများ သွားလာရန် ခက်ခဲလျက်ရှိပါသဖြင့် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ဟသ်ာတသား

ညအချိန်မတော် ဘော်ဒီရုံ ထုရိုက်သံညံ

စာတည်းခင်ဗျား-

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် အမှတ်(၃)ရပ်ကွက် တောင်ပိုင်းတွင်ရှိသော ကားဘော်ဒီရုံ တစ်ရုံတွင် နေ့ရောညပါ သံဂဟေဆော် ထုရိုက်ဆူညံနေခြင်းကြောင့် ရပ်ကွက်အတွင်းရှိ နေထိုင်သူများမှာ ညစဉ် အိပ်ရေးပျက်နေကြရပြီး ကျန်းမာရေး ထိခိုက်ရပါသဖြင့် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အိပ်ရေးပျက်ရသူ

ကျူးကျော်ဆိုင်နှင့် ပန်းထိမ်ဖိုအက်စစ်နံ့ ရှင်းလင်းပြီးစီး

၇-၉-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မြန်အောင်မြို့ နေခြည်ဈေးကြီး၏ ဈေးအလယ်လမ်းရှိ ဆိုင်ခန်းများ လူသွားလမ်းပေါ်သို့ ကျူးကျော်ဆိုင်ခင်းရောင်းချမှုနှင့် မြန်အောင်မြို့ အမှတ်(၃)ရပ်ကွက် ရွှေပန်းထိမ်ဖိုမှ အက်စစ်အနံ့အသက်ဆိုးများ ရှူရှိုက်နေရ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပိုးသတ်ဆေးအနံ့ဆိုး ဖြေရှင်းဆောင်ရွက်ပြီး

၂၄-၈-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကျောက်ပန်းတောင်းမြို့ ဈေးကွက်သစ်ရပ်ကွက် ဝိဒူရလမ်းမပေါ်ရှိ ပိုးသတ်ဆေးဆိုင်များမှ ပိုးသတ်ဆေးနံ့ကြောင့် ကျန်းမာရေးထိခိုက်ရ** ပေးစာနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

နီလာ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာရေးလုပ်ငန်း မအေးအေးမော် ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဝါတွင်းကာလ ကုသိုလ်ပြု အထူးအစီအစဉ်

၁၁ ညအိပ် ၁၂ ရက်-ဗုဒ္ဓဂယာ-သံဝေဇနီယလေးဌာန(ဖွား-ပွင့်-ဟော-စံ) ကိုးသိန်း စရိတ်ငြိမ်း(အိန္ဒိယလေကြောင်းလိုင်း)
၁၀လပိုင်း (၅)၊ (၁၉)ရက်၊ (၁၁)လပိုင်း(၂)၊ (၁၆)၊ (၃၀)ရက်၊ (၁၂)လပိုင်း (၁၄)၊ (၂၈)ရက်၊ (၁)လပိုင်း (၁၁) (၂၅)ရက်၊ (၂)လပိုင်း(၈)(၂၂)ရက်၊(၃)လပိုင်း(၈)(၂၂)ရက်၊(၄)လပိုင်း(၅)၊(၁၉)ရက်တွင် ထွက်ခွာမည့် (၁၂)ရက်ခရီးစဉ်ကို (၁-၉-၂၀၀၉)ရက်မှ (၃၀-၉-၂၀၀၉)ရက်အတွင်း လာရောက်စာရင်းပေးသွင်းသူများအား နိုင်ငံကူးလက်မှတ်ရှိပြီးသူ တစ်ဦးလျှင် ကျပ်ငါးသောင်းတိတိနှင့် နိုင်ငံကူးလက်မှတ်မရှိသေးသူများကိုပြုလုပ်ပေးပြီး ကျပ်သုံးသောင်းတိတိ လျှော့ပေးမည်ဖြစ်ပါသည်။ ၁၆ဦး စုစည်းပြီး လာရောက်စာရင်းပေးသွင်းပါက တစ်ဦးကို အခမဲ့ ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

၁၇ ညအိပ် ၁၈ ရက်-သံဝေဇနီယလေးဌာန-အဝိဇဟိတလေးဌာန-နယူးဒေလီ (3 Stars Hotel)-(တပ်ချ်မဟာ-ဝင်ကြေး)- ကိုလ်ကတ္တား ကျပ် ၁၀သိန်း၅သောင်း စရိတ်ငြိမ်း (အိန္ဒိယလေကြောင်းလိုင်း)
၃၀-၁၀-၂၀၀၉ရက်တွင် လိုက်ပါမည့် ဘုရားဖူးများအား တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို မြေမြတ်မဟာ ဗုဒ္ဓဂယာတွင် ကျင်းပပေးပြီး ကံစမ်းမဲများလည်းထူးထူးခြားခြား ပြုလုပ်ပေးမည်ဖြစ်ပါသည်။ စားစရိတ်-တည်းခိုစရိတ်-Passport-Visa-Air Ticket-မိတ္တူ-စာရွက်စာတမ်းကြေးများ ပါဝင်ပြီးဖြစ်ပါသည်။ မည်သည့်အကြောင်းနှင့်မျှ ပြည်တွင်းပြည်ပတွင် ငွေကြေးထပ်မံကောက်ခံခြင်း မရှိကြောင်း အာမခံပါသည်။ မိမိကြိုက်နှစ်သက်သော ခရီးစဉ်နှင့် နေ့ရက်ကိုရွေးချယ်ပြီး စရန်ငွေ တစ်သိန်းသာပေးသွင်း၍ စာရင်းပေးသွင်းထားနိုင်ပါသည်။ **ခရီးစဉ်မလိုက်ဖြစ်ပါက စရန်ငွေ (လုံးဝ)မဆုံးရှုံးပါ။**

ထွက်ခွာမည့်ရက်-အောက်တိုဘာလတွင် ၂-၁၀-၂၀၀၉၊ ၉-၁၀-၂၀၀၉၊ ၁၆-၁၀-၂၀၀၉၊ ၂၃-၁၀-၂၀၀၉ရက်နှင့် ၃၀-၁၀-၂၀၀၉ရက် နိုဝင်ဘာလတွင် ၆-၁၁-၂၀၀၉၊ ၁၃-၁၁-၂၀၀၉၊ ၂၀-၁၁-၂၀၀၉၊ ၂၇-၁၁-၂၀၀၉ရက်။ ဒီဇင်ဘာလတွင် ၄-၁၂-၂၀၀၉၊ ၁၁-၁၂-၂၀၀၉၊ ၁၈-၁၂-၂၀၀၉ရက်နှင့် ၂၅-၁၂-၂၀၀၉ရက်။ ဇန်နဝါရီလတွင် ၈-၁-၂၀၀၉၊ ၁၅-၁-၂၀၀၉၊ ၂၂-၁-၂၀၀၉ရက်နှင့် ၂၉-၁-၂၀၀၉ရက်။ ဖေဖော်ဝါရီလတွင် ၅-၂-၂၀၀၉၊ ၁၂-၂-၂၀၀၉၊ ၁၉-၂-၂၀၀၉ရက်နှင့် ၂၆-၂-၂၀၀၉ရက်။ မတ်လတွင် ၅-၃-၂၀၀၉၊ ၁၂-၃-၂၀၀၉၊ ၁၉-၃-၂၀၀၉ရက်နှင့် ၂၆-၃-၂၀၀၉ရက်။ ဧပြီလတွင် ၂-၄-၂၀၀၉၊ ၉-၄-၂၀၀၉၊ ၁၆-၄-၂၀၀၉ရက်၊ ၂၃-၄-၂၀၀၉ရက်နှင့် ၃၀-၄-၂၀၀၉ရက်။

အမှတ် ၃၁၅၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၀၉-၉၉-၇၃၃၉၅၊ ၀၉-၈၆-၁၂၀၀၃။





ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ် ၆၁၉၊ ၂၉ × လမ်း၃၀ကြား၊ ၇၇လမ်းတွင် တည်ရှိသော ဦးပိုင်အမှတ်(၄)မြေကွက်ပေါ်ရှိ မန်းမြန်မာ ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ထားသော လေးခန်းတွဲ သုံးထပ်အဆောက်အအုံ၏ မျက်နှာစာ(၁၄ပေ)နှင့်အလျား(ပေ၅၀) အကျယ်အဝန်းရှိ တိုက်ခန်းအမှတ်(အင်န်-၄)၊ သုံးထပ်တိုက် အာရ်စီအဆောက်အအုံနှင့်ထိုအဆောက်အအုံတွင် တပ်ဆင်သုံးစွဲလျက်ရှိသော လျှပ်စစ်မီတာ၊ ရေမီတာအပါအဝင် သုံးစွဲပိုင်ခွင့် အခွင့်အရေးအရပ်ရပ်အားလုံး (မြေမပါ)ကို ဦးစိုးသိန်း(အဖ-ဦးလှ) ၁၂/တမန(နိုင်)၀၂၆၃၆၇သည် မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်အမှတ်(၃၃၇၈/၁၆-၁၁-၂၀၀၄) ဖြင့်ဝယ်ယူ၍ သုံးစွဲပိုင်ခွင့် အခွင့်အရေးအရပ်ရပ်အားလုံး(မြေမပါ)ကို တရားဝင် လက်ဝယ်ရရှိထားပြီး ထိုသုံးစွဲပိုင်ခွင့် အခွင့်အရေး အရပ်ရပ်အားလုံး(မြေမပါ)ကို ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ဦးစိုးသိန်းထံ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါလျှင် ဤကြော်ငြာချက်ပါရှိပြီး ခုနစ်ရက် အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်မိမိလှိုင် (LL.B) တရားရုံးချုပ်ရှေ့နေ (စဉ်-၅၃၅၄)
အမှတ် ၀၉/၁၁၊ အခန်း(၃-အေ)၊ ၃၆လမ်း(အောက်)၊ မြေညီထပ်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်တင်တင်ဝင်း၏ နိုင်ငံကူးလက်မှတ် အမှတ်-၉၀၂၄၉၃ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း- C/O - ၅၂၂၅၁၅။

သင့်သွေးဖြင့် အသက်ကယ်ပါ

စာကြည့်တိုက်များစံ(၅)ရပ်နှင့်ပြည့်စုံရေး မင်္ဂလာတောင်ညွန့် ပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်နှင့်ဝန်ထမ်းများသည် စာကြည့်တိုက်များ စံ(၅)ရပ်နှင့်ပြည့်စုံရေး၊ စာငှားစနစ်ကျင့်သုံးရေးအတွက် စာကြည့်တိုက် ကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ရက် နံနက် ၁၀နာရီက ရေတွင်းကုန်းရပ်ကွက် ပညာ့ဂုဏ်ရောင်စာကြည့်တိုက်၌ကျင်းပရာ စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဝင်များ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဟောပြော

အခမ်းအနားတွင် ရေတွင်းကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစံသိန်းက စာကြည့်တိုက်ကို သန့်ရှင်းသပ်ရပ်အောင်စီမံထားရှိမှု၊ စာအုပ်စာစောင်များ လှူဒါန်းရရှိမှု၊ မှတ်ပုံတင်ထိန်းသိမ်းထားရှိမှု၊ နေ့စဉ်စာငှားစာဖတ်ဦးရေ အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေး၊ စာငှားစနစ်ကျင့်သုံး၍ ရန်ပုံငွေထူထောင်ရေး၊ သတ်မှတ်စံ(၅)ရပ်နှင့် ညီညွတ်သည့် ခိုင်မာစာကြည့်တိုက်အဖြစ်ထူထောင်ရေး၊ စာအုပ်စာစောင်များတိုးပွားရေး၊ စာငှားသူ စာဖတ်သူတိုးပွားရေးအတွက် စာဖတ်ဝိုင်း၊ ဆွေးနွေးပွဲများပြုလုပ်၍ စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဆွေးနွေးဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

စက်တင်ဘာ ၁၅ရက်က အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ ကြီးကြပ်မှုဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၊ အိမ်သုံးဆေးဝါးများကို မူးယစ်ဆေးဝါးအသွင် အလွဲသုံးစားပြုခြင်း၏ အန္တရာယ်ဆိုးကျိုးအကြောင်း အသိပညာပေးဟောပြောပွဲကို လမ်းမတော်မြို့နယ် အထက(၂)ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိန်လင်းက ဟောပြောစဉ်။ (၁၀၄)

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အထက(၂)ခန်းမ၌ စက်တင်ဘာ၈ရက်က ကျင်းပရာ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ရန်ကုန်တိုင်း (ပထမ)ဆုနှင့် မြို့နယ်(ပထမ)ဆုရ အထက(၅)မှ မောင်ပိုင်ထက်ဇော်အား မြို့နယ် ပညာရေးမှူး ဦးဟန်မြင့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၀၀)

မှတ်သားဖွယ်ရာမိုးရေချိန်

၂၀-၉-၂၀၀၉

နေပြည်တော်	၁ ဒသမ ၁၅ လက်မ
သာယာဝတီ	၂ ဒသမ ၃၂ လက်မ
မြစ်ကြီးနား	၂ ဒသမ ၂၈ လက်မ
သံတောင်ကြီး	၂ ဒသမ ၀၃ လက်မ
တောင်ကြီး	၁ ဒသမ ၈၉ လက်မ
ရွှေကျင်	၁ ဒသမ ၇၇ လက်မ
ရမည်းသင်း	၀ ဒသမ ၆၆ လက်မ
မကွေး	၀ ဒသမ ၃၉ လက်မ

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ငွေတံခါးကြီးဖွင့်ကြမယ် စာအုပ်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၀

*မောင်မြင့်ကြွယ် ဘာသာပြန်သည့် ငွေတံခါးကြီးဖွင့်ကြမယ်စာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)***

ဤစာအုပ်၏ဇာတ်လမ်းသည်ထူးခြားနေပြီး ဇာတ်လိုက်သည် ကိုးနှစ်သား အရွယ် ချာတိတ်ကလေး ဖြစ်သည်။ ဇာတ်လမ်းသည် သာမန်ရိုးရိုးဇာတ်လမ်း တစ်ပုဒ်မဟုတ်၊ ပဟေဠိဆန်သော ဇာတ်လမ်းဖြစ်သည်။ ဤဇာတ်လမ်းကို ဖတ်ရှုသည့် အခါတိုင်း အမြင်ကြည်လင်မှုနှင့် အာရုံစူးစိုက်မှုတို့ကို ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ကိုယ်ပိုင်ကြွယ်ဝချမ်းသာမှုအတွက် တွေ့ရမည့်သော့ချက်များကို ရေးသားထားသည်။

ဤစာအုပ်ကို ရွှေပြည်စံစာပေ အမှတ် ၃၂၉ ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၂၄၆၆၆၅ ရန်ကုန်မြို့က ထုတ်ဝေသည်။

(သတင်းစဉ်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ မြေခင်းအလှတွင် အဖွဲ့ဝန်ထမ်းများဖြင့် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဦးနေထက်ရှိန် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ

ပို့ကုန်၊ သွင်းကုန်ပစ္စည်းများ သွက်လက်မြန်ဆန်ရေး ကြပ်မတ်စစ်ဆေး ဆိပ်ကမ်းဝန်းကျင် သန့်ရှင်းသာယာလှပရန်ဆောင်ရွက်ရေးမှာကြား

ရန်ကုန် စက်တင်ဘာ ၂၀

ဆိပ်ကမ်းလုပ်ငန်းများ သွက်လက် မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် စက်တင်ဘာ ၁၄ရက် မွန်းလွဲ၂နာရီက ဗိုလ်အောင်ကျော်ဆိပ်ခံတံတားရှိ ပို့ကုန်၊ သွင်းကုန် သိုလှောင်ရုံ၌ စစ်ဆေးရေးအဖွဲ့များက သွင်းကုန် ကုန်သေတ္တာများရောက်ရှိမှုနှင့် ဖွင့်ဖောက်စစ်ဆေးနေမှု၊ သွင်းကုန်ပစ္စည်းများ စနစ်တကျသိုလှောင်ထားရှိမှု၊ ပို့ကုန်ပစ္စည်းများ ကုန်သေတ္တာပေါ်သို့ တင်ပို့ဆောင်ရွက်နေမှု၊ X-Ray စက်ဖြင့် ကုန်သေတ္တာများ ဖြတ်သန်းမောင်းနှင် စစ်ဆေးနေမှုများကိုလည်းကောင်း၊ ဆူးလေဆိပ်ကမ်းတံတား၌ နိုင်ငံခြားသင်္ဘောကြီးပေါ်သို့ သစ်လုံးများ တင်/ချဆောင်ရွက်နေမှု**(အပေါ်ပုံ)**၊ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာလွင်ပြင်ရှိ ပြည်ပနိုင်ငံများမှ တင်သွင်းလာသော စက်ယန္တရားကြီးများကိုလည်းကောင်း၊ စက်မှုဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော နိုင်ငံခြားသင်္ဘောကြီးများနှင့် ပြည်ပသို့ တင်ပို့မည့် သစ်လုံးများ တင်ဆောင်နေမှုများကိုလည်းကောင်း၊ စက်မှုဆိပ်ကမ်းသို့ ကုန်သေတ္တာများ ရောက်ရှိလာမှု၊ ကုန်သေတ္တာများ စနစ်တကျထားသိုမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက ပို့ကုန်၊ သွင်းကုန်ပစ္စည်းများ ဖွင့်ဖောက်စစ်ဆေးရေးနှင့် ကုန်ပစ္စည်းများတင်/ချ ပြုလုပ်ရာတွင် သွက်လက်မြန်ဆန်စေရေးအတွက် စနစ်တကျ ကြပ်မတ်စစ်ဆေး ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် မဖြစ်စေရန်အတွက် အထူးဂရုပြု ဆောင်ရွက်သွားရေးနှင့် ဆိပ်ကမ်းပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပစေရေးအတွက် ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် အလုံမြို့ ကမ်းနားလမ်းရှိ အေးရှားဝေါလ်ကုန်သေတ္တာစခန်းသို့ရောက်ရှိပြီး စစ်ဆေးရေးအဖွဲ့များက ကုန်ပစ္စည်းများ ဖွင့်ဖောက်စစ်ဆေးနေမှု၊ X-Ray စက်ဖြင့် ကုန်သေတ္တာများ ဖြတ်သန်းမောင်းနှင် စစ်ဆေးနေမှုများနှင့် ဆိပ်ကမ်းတံတားတွင် ဆိုက်ကပ်ထားသော နိုင်ငံခြားသင်္ဘောကြီးပေါ်မှ ကုန်ပစ္စည်းများနှင့် သစ်လုံးများ တင်/ချ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၈)၊ အမှတ် (၉)ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၂၀

မြေသယံဇာတနှင့် ရေသယံဇာတတို့ကို တန်ဖိုးမြင့်တင်အသုံးချ မျက်နှာဖုံး ဆောင်းပါး ဖော်ပြထားသည့် အဆိုပါဂျာနယ်တွင်**(ယာပုံ)** ပိတ်ဆို့မှုနှင့် ဆူပူအကြမ်းဖက်မှုကို ပြည်သူလူထုက မလိုလား၊ အယ်လ်နီညိုဂယက် ကူးစက်မှုကို ရင်ဆိုင်ကျော်လွှားရေးကြိုးပမ်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ စစ်တမ်း(၉)၊ စာနယ်ဇင်းနှင့်နိုင်ငံရေး(၅)၊ ပုဂံခေတ်မှ ရွှေနမူနာထားအပ်သော မင်းသား၊ အဘယ်ကြောင့် လူငယ်(၉) ဆောင်းပါးများအပြင် Junction Centre-Nay Pyi Taw ဖွင့်လှစ်၊ Yangon Expo' 2009 ဖွင့်ပွဲ၊ ကျေးလက်ပြည်သူများ ဗဟုသုတ တိုးပွားရေး စာကြည့်တိုက်များတွင် စာပေဖတ်ရှုလေ့လာ၊ အေးငြိမ်းဦး စာကြည့်တိုက်နှစ်ပတ်လည်နေ့နှင့် ပညာရည်ချွန်ဆုပေးပွဲ၊ အမ်းမြို့သို့တစ်ခေါက်၊ ရန်ကုန်-ပြည်-ကျောက်ပန်းတောင်း-မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင် စသည့် ပြည်တွင်း သတင်းများ၊ နိုင်ငံတကာသတင်းများ မြိုင်မြိုင်ဆိုင်ဆိုင် ဓာတ်ပုံများ ဝေဝေဆာဆာ ဖော်ပြပါရှိကြောင်း သိရသည်။

အဆိုပါ ဂျာနယ်ရနိုင်သောနေရာများမှာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန်၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပန်းရွှေပြည်စာအုပ်ဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်တို့ဖြစ်ပြီး ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန်လိပ်စာမှာ အမှတ်(၈) ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဗားဂရာလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၃၀၂ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နောင်ချိုမြို့၌ သွားလာရေးလွယ်ကူစေရန် ချယ်ရီလမ်း သံကူကွန်ကရစ် တံတားခင်း

နောင်ချို စက်တင်ဘာ ၂၀

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်လျက်ရှိသည့် ချယ်ရီလမ်း သံကူကွန်ကရစ်တံတားခင်းခြင်းလုပ်ငန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်တို့ ကွင်းဆင်းကြီးကြပ်ရာ လက်ထောက်အင်ဂျင်နီယာ ဦးရဲထွန်းနှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

အဆိုပါတံတားမှာ အရှည်၁၁ပေ၊ အကျယ်၂၅ပေရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၅၁၃၅၀၀၀ ဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ရာ တံတားပြီးစီးပါက ရပ်ကွက်နေပြည်သူများအနေဖြင့် သွားလာရေး ပိုမိုလွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဗိုလ်တထောင်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စံ(၅)ချက်နှင့် ပြည့်စုံရေး၊ စာငှားစနစ်ကျင့်သုံးရေး ဆွေးနွေးပွဲကို ဗိုလ်တထောင်မြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ဘဝမီးအိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ စက်တင်ဘာ ၁၂ရက်ကကျင်းပရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့် ဆွေးနွေးစဉ်။ (မြို့နယ် ပြန်/ ဆက်)

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ အဖွဲ့ပိုင် ကွန်ဟိန်းမြို့မဈေး အတွင်းအပြင်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းကို ဩဂုတ် ၁၉ ရက်က ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက် စံ(၅)ချက်နှင့် ညီညွတ်ရေး

ဖန်းမော်ခရိုင်၌ ညှိနှိုင်းဆွေးနွေး

ဖန်းမော် စက်တင်ဘာ ၂၀

ဖန်းမော်ခရိုင် မြို့နယ်ခုနစ်မြို့နယ်ရှိ ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်များ သတ်မှတ်ကာလအတွင်း ဖြစ်ပေါ်လာရေး၊ ၂၀၀၉-၂၀၁၀ ရည်မှန်းချက်တာဝန်(၁၁)ချက် အကောင်အထည်ဖော်နိုင်မှုများ သုံးသပ်ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၄ ရက် နံနက်၁၀နာရီက ဖန်းမော်ခရိုင်ရုံး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်ခန်းမ၌ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်က သတ်မှတ်စံ(၅)ချက်နှင့်ညီသော ကျေးရွာစာကြည့်တိုက်များ လျာထားသတ်မှတ်ကာလအတွင်းဖြစ်ပေါ်လာရေး၊ ဒေသနှင့်သင့်တော်သော စာငှားစနစ် ကျင့်သုံးရေးနှင့် စာအုပ်စာစောင်တိုးပွားရေး၊ ရန်ပုံငွေတိုးပွားရေး၊ မြို့နယ်အလိုက် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီများ အရှိန်တိုးမြှင့်ဆောင်ရွက်ရေး၊ အရည်အသွေးမြင့်မားသည့် မီဒီယာဝန်ထမ်းကောင်းများဖြစ်ရေးတို့ကို ဆွေးနွေးသည်။

ဆွေးနွေး

ထို့နောက် မြို့နယ်ဦးစီးမှူးများက ၂၀၀၉ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိ လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများ တင်ပြရာ ဦးစီးအရာရှိက လိုအပ်သည်များ သုံးသပ်ဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး

မန္တလေးတိုင်း၌ ကျန်းမာရေးပညာပေး စာပေဟောပြော

သပိတ်ကျင်း စက်တင်ဘာ ၂၀

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ကျန်းမာရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းစီမံကြီးကြပ်လျက် ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတို့မှ ဦးစီးကျင်းပသော ကမ္ဘာ့လူတုပ်ကွေးနှင့် ကြက်၊ ငှက် တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်မှု လူထုကျန်းမာရေးပညာပေး စာပေဟောပြောပွဲများကို မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ နေပြည်တော်ခရိုင်၊ ညောင်ဦးခရိုင်၊ မြင်းခြံခရိုင်၊ ခရိုင်ရှစ်ခရိုင်အတွင်းမှ ၃၆မြို့နယ်ရှိ ၄၄ နေရာတို့၌ ကျင်းပသည်။

သုတ၊ ရသ

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကမ္ဘာ့လူတုပ်ကွေးနှင့် ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှု လူထုကျန်းမာရေးပညာပေး စာပေဟောပြောပွဲကို စက်တင်ဘာ ၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီခွဲက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန် တက်ရောက်အမှာစကားပြောကြား ဖွင့်လှစ်ပေးပြီး သပိတ်ကျင်းမြို့နယ် ဆေးရုံအုပ် ဆရာဝန်ကြီးကိုယ်စား လက်ထောက်ဆရာဝန်(သွား) ဒေါက်တာဦးကျော်ဇင်ဦးက ကမ္ဘာ့လူတုပ်ကွေးရောဂါထိန်းချုပ်ရေး၊ ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ကျန်းမာရေးပညာပေးဟောပြောခြင်း၊ စာရေးဆရာ ဒေါက်တာဇွန်မောင်မောင် **(ဝဲပုံ)**က စိတ်ဆန္ဒအရ မိမိကိုယ်မိမိ ကျန်းမာအောင် ပြုစုစောင့်ရှောက်ခြင်း၊ သုတစာပေရေးရာ ဟောပြောခြင်း၊ စာရေးဆရာ ဆရာမာန်က ကျန်းမာလိုလျှင် မိမိကိုယ်မိမိ ဆင်ခြင်နှင့် ရသစာပေများကို ဟောပြောခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

လွိုင်ကော်တက္ကသိုလ်၌ ကာယမောင်နှင့် ကာယအလှမယ်ပြိုင်

လွိုင်ကော် စက်တင်ဘာ ၂၀

ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမတွင် ဩဂုတ်၂၇ရက်က ကျင်းပသည့် လွိုင်ကော်တက္ကသိုလ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲသို့ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး ပြည်နယ်ဥက္ကဋ္ဌ၊ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုချီးမြှင့်ပေးအပ်သည်။ (ခရိုင် ပြန်/ဆက်)

21-9 (15).pmd 1 9/20/2009, 2:32 PM

ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် တန်ပိုးကျေးရွာတွင် (၁၅)ကြိမ်မြောက် အလှူရှင်နှစ်လက်မစက်ရေတွင်းတူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သံတွဲမြို့နယ်၌ ကြားပေါင်းလိုက်၊ တမန်းနှိုး၊ မြေသြဇာကြဲပက်ပွဲ ကျင်းပ

သံတွဲ စက်တင်ဘာ ၁၅

ကြားပေါင်းလိုက်၊ တမန်းနှိုး၊ မြေသြဇာကြဲပက်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ရက် နံနက် ၁၀နာရီခွဲက သံတွဲမြို့ အံ့တော်ကွင်းရှိ တောင်သူ ဦးစံအောင်၏ လယ်မြေ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးသိုင်းစိန်က ကြားပေါင်းလိုက်၊ တမန်းနှိုးနှင့် မြေသြဇာကြဲပက်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

လက်ဆောင်ပေးအပ်

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပြီး ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အခမ်းအနားတက်ရောက်လာကြသော တောင်သူများအား ရွက်ဖြန်းမြေသြဇာများကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သံတွဲမြို့ အံ့တော်ကွင်းရှိ တောင်သူ ဦးစံအောင်၏ လယ်မြေ၌ ဆင်းသွယ်လတ်မိုးစပါးလေးဧကစိုက်ခင်းကို တမန်းနှိုး၊ ကြားပေါင်းလိုက်၊ မြေသြဇာကြဲပက်ခြင်းကို ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

မိုးစပါးလျာထားချက်ပြည့်မီရေး ညှိနှိုင်းစည်းဝေး

ပြင်ဦးလွင် စက်တင်ဘာ ၁၀

၂၀၀၉-၂၀၁၀ခုနှစ် ပြင်ဦးလွင်ခရိုင်၏ လယ်ယာကဏ္ဍ မိုးစပါးစီမံကိန်း လျာထားချက်ပြည့်မီရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁ရက်က ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးညှိနှိုင်း

အစည်းအဝေးတွင် ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်မြင့်က ပြင်ဦးလွင်ခရိုင်၏ လယ်ယာကဏ္ဍ မိုးစပါးစီမံကိန်းလျာထားချက်ပြည့်မီရေးအတွက် ဆောင်ရွက်ထားရှိရမည့် လုပ်ငန်းများအား အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌများနှင့် စိုက်ပျိုးရေးမန်နေဂျာများက လယ်ယာကဏ္ဍ မိုးစပါးစီမံကိန်းလျာထားချက် ပြည့်မီရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို ပြန်လည်ဆွေးနွေး ညှိနှိုင်းကြကြောင်း သိရသည်။ **(၀၈၈)**

အောင်မြေသာစံ၌ ကျောင်းကျန်းမာရေး ပညာပေးဟောပြော

မန္တလေး စက်တင်ဘာ ၈

မန္တလေး အောင်မြေသာစံမြို့နယ် အထက(၂၅)၏ ကျောင်းကျန်းမာရေးပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ရက်က ယင်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းသန်းဌေးက အမှာစကားပြောကြားပြီး ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါ်အမာစိန်က ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းသည်။ ဆက်လက်၍ ဆရာမဒေါ်မြမြကြည်၊ ဒေါ်ညွန့်ညွန့်မိုးတို့က လူတုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောကြသည်။ (၀၉၂)

ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ(မင်္ဂလာဈေး) ဆားရောင်းချနေသည့်ဆိုင်များနှင့် မြို့တွင်းရှိကုန်စုံဆိုင်များ၌ အိုင်အိုဒင်းပါဝင်မှုရှိမရှိကို ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့မှ ဈေးဝန်ထမ်းများ ဩဂုတ်၂၄ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၇၆)

မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲ ကန့်ဘလူ အထက(၁)၌ ကျင်းပ

ကန့်ဘလူ စက်တင်ဘာ ၆

ကန့်ဘလူမြို့ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၃ ရက် မွန်းလွဲ ၂ နာရီက ကန့်ဘလူမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးမြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က အမှာစကားပြောကြားပြီး ဒုတိယရဲမှူးကျော်စိုး၊ မြို့နယ်ဒုတိယတရားသူကြီး ဦးလှတိုး၊ မြို့နယ်ဥပဒေအရာရှိဦးအောင်သျှန်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတိုးမောင်တို့က မှုခင်းများဖြစ်ပွားတတ်ပုံနှင့် ကြိုတင်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများသိရှိလိုက်နာရေး၊ မူးယစ်ဆေးဝါးကင်းစင်ရေး၊ ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများကို ပညာပေးဟောပြောသည်။

(၀၂၇)

(၈၇)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ ဒုတိယလက်ထောက် ကြီးကြပ်ရေးမှူး ဦးမြင့်စိန် (အငြိမ်းစား) လူမှုထူးချွန် ပထမဆင့် **(အပေါ်ပုံ)** သည် စက်တင်ဘာ ၂ရက်က ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး သွေးလှူဘဏ်ခွဲတွင် (၈၇)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြို့နယ်သတင်းများ

မိခင်နို့တိုက်ကျွေးရေး ပညာပေးဟောပြော

မြစ်ကြီးနား စက်တင်ဘာ ၁၅

ကချင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ပြိုင်ပွဲနှင့်ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် ပညာပေးဟောပြောပွဲကို ဩဂုတ်၃ရက် နံနက်၁၀နာရီက မြစ်ကြီးနားမြို့ အလယ်ကုန်းရပ်ကွက် သားဖွားခန်း၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းမြင့်မော်က အမှာစကားပြောကြားပြီး သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာသင်းသင်းနုက ကိုယ်ဝန်ဆောင်မိခင်များအား နို့တိုက်ကျွေးခြင်းနှင့် ကျန်းမာရေးအကြောင်းဟောပြောကာ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဝါဝါလွင်က မိခင်နို့စနစ်တကျတိုက်ကျွေးခြင်း၊ ဖြည့်စွက်စာများကျွေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောကြသည်။ ယင်းနောက် တာဝန်ရှိသူများက မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲဝင် မိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများနှင့် တစ်ခါသုံးမွေးဖွားအိတ်ငယ်များ ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**

မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ သံဖြူဇရပ်အထက(၂)၌ကျင်းပ

သံဖြူဇရပ် စက်တင်ဘာ ၁၀

သံဖြူဇရပ်မြို့ အထက(၂)၏ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၆ရက်က ရှင်စောပုခန်းမတွင်ကျင်းပရာ သံဖြူဇရပ် မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်၊ မြို့နယ်ပညာရေးမှူးဒေါ်ရွှေမိနှင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ် ဆရာမကြီးတို့က အမှာစကားပြောကြားပြီး ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများကို မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ရွှေမိတို့က ဆုများ ချီးမြှင့်ခဲ့သည်။ ထို့နောက် အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်သန်းက လေးဘာသာဂုဏ်ထူးဆုရရှိသူ မဆုထက်နိုင်အား ထပ်ဆင့်ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်သည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ဘားအံမြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေး အတွက် ဒုတိယဦးစီးမှူး (ဈေး) ဦးဝေလင်း ဦးဆောင်၍ အဖွဲ့ဝင်ထမ်းများနှင့် မြို့မဈေးသူ ဈေးသားများ စုပေါင်းလျက် ရေမြောင်းဖော်ခြင်း၊ အမှိုက်များရှင်းလင်းခြင်းဆောင်ရွက်ကြရာ ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့်ဦးစီးအရာရှိ ဦးကိုကိုနိုင်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဝမြို့၌ ဒီရေတောပင်စိုက်ပျိုး

ဝ စက်တင်ဘာ ၁၆

ဝမြို့နယ် ကမ်းသာယာကျေးရွာအနီးတွင် စက်တင်ဘာ၃ရက်က ဒီရေတောပင်စိုက်ပွဲကျင်းပရာ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုဝင်းတို့ တက်ရောက်ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဒီရေတောပင် ၃၅၅၀ကို စိုက်ပျိုးခဲ့ကြသည်။ **(အပေါ်ပုံ)** သံတွဲခရိုင်အတွင်း ၂၀၀၉ခုနှစ်တွင် ဒီရေတောပင် ၈၃၅၀ စိုက်ပျိုးပြီးဖြစ်သည်။ **(၁၂၇)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။



ပဉ္စမအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံ ၂၀၀၉ ဗိုလ်လုပွဲကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏအဲဒ္ဓကျင်းပရာ လက်ဝှေ့ဝါသနာအိုးများ ဤသို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

Calsome 2009 ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီး အောင်မြင်စွာပြီးစီး

စောငမန်းက လုံးချော(ညောင်တုန်း)ကိုနိုင်ပြီး ချန်ပီယံဘွဲ့ခံယူနိုင်

သတင်းမြင်ကွင်း - ဇင်လင်းထွန်း(နေပြည်) ➢ဓာတ်ပုံမှတ်တမ်း - တင်စိုးနှင့်သိန်းဝင်းလေး(မြန်မာ့အလင်း) ➢စာမျက်နှာဖွဲ့စည်းမှု -မာမာစိုး

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ
သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ
သတင်းစာကိုယ်စားလှယ်များထံသို့
တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့်
အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ Calsome ကွေကာ (MDG. Co., Ltd.)၏ အဓိကကျူညီပံ့ပိုးမှုဖြင့် T&T Group မှ ဦးစိုးသန်းဝင်း တာဝန်ယူစီစဉ်သော *စာမျက်နှာ ၁၁ ကော်လံ ၃* ✳

မစ်ဒယ်အထက်(အလွတ်တန်း)ပြိုင်ပွဲတွင် စောငမန်း(Ever Green) (ဝဲ)နှင့် လုံးချော(ညောင်တုန်း)တို့ ဤသို့ သူတစ်ပြန် ကိုယ်တစ်ပြန် ထိမိခဲ့ကြသည်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)